
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း



၂၀၁၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြဝ၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ၊

ထုတ်ဝေသူ ဦးအောင်မြင့် (မြဝ၀ ၂၇၆)၊ အောင်မြင့်စာပေ။


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒေဝဂ

လူကြောက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) – လူခြောက်ကလေးရဲ့ ဝိညာဉ်

အခန်း(၂) – ကျီစယ်တတ်သော လူခြောက်ကလေး

အခန်း(၃) – မူဆာတတ်သော လူခြောက်ကလေး

အခန်း(၄) – လူခြောက်ကလေးရဲ့ရုပ်အမှန်

အခန်း(၅) – ဘဝခြားတဲ့ချစ်သူ

အခန်း(၆) – စွဲလမ်းဝိညာဉ်

အခန်း(၇) – ဝိညာဉ်သတို့သား

အခန်း(၈) – ကာကွယ်ပေးတဲ့ ဝိညာဉ်ခင်ပွန်း

အခန်း(၉) – ဝိညာဉ်ကလေးရဲ့ချစ်ကမ္ဘာ

အခန်း(၁၀) – သစ္စာဝိညာဉ်

အခန်း(၁၁) – ဝိညာဉ်ကလေးရဲ့ကံကြမ္မာဆိုး

အခန်း(၁၂) – ဝိညာဉ်ကလေးရဲ့အိမ်ပြန်ချိန်


www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁)

BURMESE CLASSIC

# လူခြောက်ကလေးရဲ့ ဝိညာဉ်

**ခမ်း**နားထည်ဝါလှသောခြံကြီးထဲရှိ နှစ်ထပ်တိုက်အိမ်ကြီးဆီသို့ မိန်းကလေးတစ်ယောက် ခြံဝမှ ရပ်ကြည့်နေလေ၏။

ထို့နောက် မဝံ့မရဲပုံစံလေးနှင့် . . .

"ဒေါ်ဒေါ် . . ဒေါ်ဒေါ် . ."

ဟု ခတ်ကျယ်ကျယ် အော်ခေါ်လိုက်မိသည်။

"အေး . . အေး . . လာပြီ . . လာပြီဟေ့"


www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှ ပြန်ထူးသံကြောင့် 'ရှုံ'နည်းနည်းအားတက်သွားရသည်။

အိမ်ကြီးထဲအရောက် ကြမ်းပေါ်ခင်းထားသော ကော်ဇောအိအိပေါ်တွင် ထိုင်ချလိုက်သည်။

"ဩော်. . ဘယ့်နှယ့် ကြမ်းပေါ်ထိုင်နေရတာလဲ၊ ခုံပေါ်မှာ ထိုင်မှပေါ့"

အိမ်ရှင်ဒေါ်မီမီကျော်မှာ ချမ်းသာသလောက် အဆင့်အတန်း မခွဲခြားတတ်မှန်း ရှုံကြားဖူးပြီးသားပင်. . .။

"ရပါတယ် ဒေါ်ဒေါ်"

ရှုံက ဆိုဖာအကောင်းစားကြီးတွေပေါ် တက်ထိုင်ရမှာ အားနာနေသည်။

"မစိမ်းမြ သမီးနော်"

"ဟုတ်ကဲ့"

"မစိမ်းမြကတော့ ပြောပါရဲ့၊ နာမည်က ခတ်ဆန်းဆန်းဆိုတော့ မမှတ်မိပါဘူး"

"မြစိမ်းရှုံပါ ဒေါ်ဒေါ်"

"အံမယ်လေး. . ဥစ္စာစောင့်နာမည်လိုလို သိုက်နာမည်လိုလိုပါလား"

ဒေါ်မီမီကျော်က စသလိုနောက်သလို ပြောသော်လည်း ရှုံခမျာ ကျောချမ်းသွားရသည်။ ရှုံက နာနာဘာဝ၊ ပြိတ္တာ၊ သိုက်နန်း၊ ဥစ္စာစောင့်၊ ဘီလူး၊ သရဲ အကုန်ကြောက်တတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ကလေးက နုနုနယ်နယ်နဲ့ ချောချောလေးပါလား။ သမီးကိုခိုင်းရမှာ ဒေါ်ဒေါ် အားတောင်နာတယ်"

"ရပါတယ် ဒေါ်ဒေါ်. . သမီး လုပ်နေကျအလုပ်တွေပါ။ သမီး လုပ်နိုင်ပါတယ်"

ရှုံက အလုပ်မရတော့မှာစိုးတာမို့ ကပျာကယာ ပြန်ပြောလိုက်သည်။

"အေးကွယ်. . . အရင်လုပ်တဲ့ မထွေးကြည်က အိမ်ထောင်ပြုတော့မယ်ဆိုပြီး တောပြန်သွားတော့ ဒေါ်ဒေါ့်မှာ ခက်နေတာ၊ ချက်တာက ချက်နိုင်ပါရဲ့၊ အဆစ်အမြစ်ရောင်တဲ့ ရောဂါကရှိတော့ တခြားအိမ်မှုကိစ္စတွေ မလုပ်နိုင်တော့ဘူးလေ၊ အိမ်သားကတော့ နည်းပါတယ်. . . လေးယောက်ထဲရယ်. ."

အိမ်သားလေးယောက်ဆို၍. . ရှုံက မျက်လုံးဝေ့ဝဲကာ ရှာဖွေကြည့်မိသည်။

"လေးယောက်ဆိုပေမယ့် အမျိုးသားနဲ့သားကြီးကတော့ မနက်ဆို စက်ရုံသွား၊ ညနေမှ ပြန်လာတာပေါ့ကွယ်၊ နေ့လယ်နေ့ခင်းဆို ဒေါ်ဒေါ်တစ်ယောက်ထဲ ပျင်းလိုက်တာ၊ သားငယ်လေးက လျှောက်လည်နေတာ၊ ညဆိုလည်း ပြန်လာတာနောက်ကျရင် သားကြီးကပဲ စောင့်ရတာ. . .၊

တစ်ခါတလေ သူ့အစ်ကိုက အလုပ်မှာ ပင်ပန်းခဲ့တော့ ညဆို အိပ်ချင်ပြီ၊ သားငယ်ကလည်း လည်လို့ကောင်းတုန်း. . ဆယ့်နှစ်နာရီ တစ်ချက်မှ ပြန်လာချင်လာတာ သမီးရဲ့. ."

ရှုံမှာ ဒေါ်မိမိကျော်ပြောတာ နားထောင်ရင်း သား



www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆိုတဲ့လူကတော့ ဆိုးမယ့်ပုံပဲဟု ထင်လိုက်မိသည်။

ကိစ္စမရှိပါဘူး. . ရုံနဲ့မှ မဆိုင်တာဟု အတွေးထဲမှ ဖယ်ထုတ်လိုက်သည်။

"လိုအပ်တာပြောပါ ဒေါ်ဒေါ်. .၊ ရုံ ဝိုင်းလုပ်ပေးနိုင်ပါတယ်၊ ရုံ နောက်နေ့တွေ စောစောလာပေးပါ့မယ်၊ ဈေးတွေဘာတွေသွားလည်း ရုံ အဖော်လိုက်ပေးပါ့မယ်"

"ဒီလိုဆိုရင်တော့ အဆင်ပြေတာပေါ့ သမီးရယ်၊ နေ့လယ်နေ့ခင်းပါ နေပေးနိုင်ရင်တော့ ဒေါ်ဒေါ့်မှာ အဖော်ရတာပေါ့၊ နို့မို့ဆို ဒေါ်ဒေါ့်မှာ အခွေလေးဘာလေး ကြည့်ချင်ရင်တောင် စကားပြောဖော်ကမရှိတော့ ကြည့်ရတာ အရသာမရှိလှဘူး"

"ဟုတ်ကဲ့ပါဒေါ်ဒေါ် ရုံလည်း နေ့ခင်းဆို တစ်ယောက်တည်း၊ ရုံက ကျောက်တတ်တော့ အိမ်မှာ တစ်ယောက်တည်း မနေရဲဘူး၊ အမေက ထမင်းဆိုင်လိုက်လာရင်လည်း မကြိုက်ဘူး"

အမေက ထမင်းဆိုင်မှာ အလုပ်လုပ်တာဖြစ်သည်။ အရွယ်လေးရလာတော့ အမေ့လုပ်စာကို ထိုင်မစားချင်တော့၊ အတန်းပညာကလည်း သိပ်မရှိပြန်တော့ အချိန်ပိုင်း အိမ်အကူလုပ်ဖို့ စိတ်ကူးရရင်း ဒေါ်မီမီကျော်တို့အိမ်မှာ လူလိုတယ်ဆိုတဲ့ သတင်းကြားသည်နှင့် ဆက်သွယ်မိတာပင်. . .။

အရင်ကတော့ ဈေးသည်တွေဆီမှ အဝတ်တွေရှုလျှော်ပေးဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်တွေဆိုတော့ သူတို့ခမျာမှာလည်း ပိုက်ဆံပေးခါနီးလျှင် နေ့ရွှေ့ညရွှေ့ လုပ်ချင်သေးသည်။

ဒေါ်မိမိကျော်တို့အိမ်မှာကျ ကြွေးလည်းရမည်၊ သဘောမနောလည်း ကောင်းတယ်ဟု ကြားဖူးသည်လေ. . .။

"ရုံ လျှော်ရမယ့်အဝတ်တွေပေး ဒေါ်ဒေါ်၊ နေသာတုန်းလျှော်ထားလိုက်မယ်"

"အေး. . အေး. . လာလာ. . ဒေါ်ဒေါ်နဲ့ အပေါ်ထပ်လိုက်ခဲ့"

ရုံမှာ တိတ်ဆိတ်လှသော အိမ်ကြီး၏အပေါ်ထပ်သို့ ဒေါ်မိမိကျော်နောက်မှ လိုက်သွားရတာ နောက်ကျောက မလုံ၊ တစ်ယောက်ယောက်က လိုက်ကြည့်နေသလို စိတ်ထဲခံစားနေမိသည်။

ပြောင်လက်တောက်ပနေသော လှေခါးထစ်တွေကို ရုံ တစ်ထစ်ချင်း သတိနှင့်တက်နေမိသည်။

"ဘုရားခန်းဘေးက ဒေါ်ဒေါ့်အမျိုးသားအခန်းပေါ့၊ ခြေရင်းက နှစ်ခန်းကတော့ ညာဘက်က သားကြီးအခန်း၊ ဘယ်ဘက်က သားငယ်လေးနဲ့ ဒေါ်ဒေါ်နေတဲ့အခန်းလေ၊ သားငယ်လေးက ခုထိ အမေနဲ့ အခန်းမခွဲသေးဘူး. . ဟင်း. . ဟင်း"

ဟင်. . ဘယ်လိုသားမျိုးပါလိမ့်။

အချိန်မတော်ထိ လျှောက်လည်နေသည့် လူပျိုဖားဖားဖြစ်နေတာတောင် မအေနဲ့ ခွဲမအိပ်သေးဘူးဆိုတော့ နို့မစင်သေးဘူးနဲ့ တူတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရုံသည် တစ်ခန်းဝင် တစ်ခန်းထွက် ဒေါ်ဒေါ့်နောက်မှ အဝတ်တွေကို ခြင်းတစ်ခြင်းထဲ လိုက်စုထည့်နေမိသည်။

ဒေါ်ဒေါ်နှင့် သူသားငယ် နေသောအခန်းဆီအရောက် ရုံမှာ ရုတ်တရက် ကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင် ဖြစ်သွားရပြီး ကြက်သီးမွေးညှင်းများ တဖြန်းဖြန်း ထသွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြနတ်ပန်းများဖြင့် လှပထည်ဝါလှသော ကျွန်းခုတင်ကြီးပေါ်တွင် တစ်တောင်ခန့်သာရှိသော ကလေးအရုပ်စုကလေး။

"အမယ်လေး. . ."

ရုံသည် သတိလက်လွတ် အော်လိုက်မိပြီး ဒေါ်ဒေါ့်နောက် ချက်ချင်းပြေးဝင်လိုက်မိသည်။

"ဘာဖြစ်တာလဲ မြစိမ်းရုံ"

ဒေါ်ဒေါ်က မျက်နှာပျက်သွားကာ ရုံ ထိတ်လန့်သွားတာကို မနှစ်မြို့သောလေသံဖြင့် မေးလေသည်။

မြစိမ်းရုံ အခြေအနေကို အနည်းငယ် သဘောပေါက်သွားပြီး တုန်လှုပ်နေသောစိတ်ကို အတတ်နိုင်ဆုံးထိန်းလျက်. .

"ဟို. . . ဟို. . ရုံလေ တစ်ခါမှ မမြင်ဖူးတော့ ရုတ်. . .



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက်မို့”

ရှုံမှာ အထစ်ထစ် အငေါ့ငေါ့ဖြင့် ဘာဆက်ပြောရမှန်း မသိ။ ဒေါ်ဒေါ်က ရှုံဖြစ်ပျက်သွားသည်ကို နားလည်ဟန်ဖြင့်. .

“အဲ့ဒါ ဒေါ်ဒေါ့်သားအငယ်လေ. . . မိုးထက်သာတဲ့၊ ရှုံတို့နဲ့ မတိမ်းမယိမ်း ရှိမှာပေါ့”

“သူ. . သူက. . ”

လူခြောက်လားလို့ ရှုံ မေးမထွက်ပါ။

လူခြောက်ဆိုတာကို ရှုံ ကြားဖူးရုံသာ ကြားဖူးခဲ့သည်မို့ ပုံပြင်ထဲက ဇာတ်ကောင်လို့သာ ထင်ခဲ့မိပါသည်။

အခုလို မျက်မြင်ကိုယ်တွေ့ ဘွားခနဲ တွေ့လိုက်ရတော့ နဂိုက ကြောက်တတ်သောရှုံမှာ ထိတ်လန့်တကြား ဖြစ်သွားခဲ့ရတာပင်. .။ ရှုံမှာ မဝံ့မရဲဖြစ်နေသလို စိတ်ဝင်စားသွားတာမို့ မရဲတရဲဖြင့် ထပ်ကြည့်လိုက်မိသည်။

ဟင်းချိုပန်းကန်လုံးလောက်ပင် မရှိသော ဦးခေါင်းမှာ ဆံပင်တစ်မွေးမှမရှိ၊ မျက်လုံးများမှာ အိပ်နေသလို ပိတ်နေကာ ပါးစပ်ပေါက်ကလေးကတော့ ဟနေသည်။ နှာခေါင်းနှင့် နားရွက်မှာ အပေါက်ရာကလေးများသာပါသည်။

လူခြောက်ကလေးမှာ အဝတ်အစားသေးသေးလေးများ ဝတ်ပေးထားသဖြင့် ရယ်စရာကောင်းနေသည်။

သို့သော် မွေးကြိုင်၍တော့နေပေသည်။

“သူက ဒီပုံစံလေးအတိုင်းပဲ မွေးလာတာလေ၊ မွေးကတည်းက အသက်ပါမလာဘူး၊ ဒါပေမယ့် သူ့ခန္ဓာကိုယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးမြင်ရတဲ့အတိုင်းပဲ ပုပ်သိုးမနေဘူး၊ ထူးခြားတာက. . .”

သူ့စကားကို ပို၍ လေးနက်စေလိုလို့ပဲလားတော့မသိ ဒေါ်မိမိကျော်၏လေသံမှာ အေးစက်သွားသည်။

“သူ့မှာ ဝိညာဉ်ရှိတယ်”

“ရှင်. . .”

ရုံသည် နံရံတွင် ကျောကပ်ခါမှီထားလိုက်မိသည်။

“သားငယ်က အိမ်သားတွေကို အိပ်မက်နဲ့ ဆက်သွယ်တယ်၊ အထူးသဖြင့် ဒေါ်ဒေါ့ကို အမြဲအိပ်မက်ပေးတယ်၊ သူ့ကို အိပ်မက်,မက်ရင် အိပ်မက်လို့ကို မထင်ရဘူး၊ အပြင်မှာ တကယ်ဖြစ်ပျက်နေသလိုပဲ၊

တစ်ခါတလေ သိပ်အရေးကြီးပြီဆိုရင် အချိန်အခါမရွေး ဒေါ်ဒေါ့ကို အိပ်ငိုက်အောင် လုပ်တော့တာ. .၊ ဒေါ်ဒေါ်ငိုက်နေတဲ့အချိန်မှာ အိပ်မက်လိုလို တကယ်လိုလို မြင်တွေ့ရတော့တာပဲ၊ အိပ်မွေ့ချတယ် ပြောရမလားပဲ”

ရုံမှာ မြင်ရကြားရသမျှမှာ ဆန်းကြယ်လို့နေလေသည်။

တစ်တောင်ခန့်သာရှိသော လူခြောက်ကလေးကို ဘာဖြစ်လို့မှန်းတော့မသိ ရုံကြောက်နေမိသည်။

ရုံသည် စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်နေရာမှ သတိပြန်ဝင်ဝင်ချင်း ခြင်းတောင်းထဲသို့ ပုံထည့်ထားသော အဝတ်များကို ရုံ့လက်ထဲတွင် ပိုက်ထားသောခြင်းထဲသို့ ပြောင်းထည့်လိုက်သည်။

မွေးကင်းစ ကလေးအရွယ်ဝတ် အကျီင်္ယသေးသေးကလေး

www.burmeseclassic.com

www.burmeseclassic.com



များ၊ ပုဆိုးသေးသေးကလေးများကို ကိုင်မိလျှင် ရှုံသည် ဓါတ်လိုက်ခံရသလို ကျင်ခနဲ ခံစားလိုက်ရသည်။

ရှုံ အားတင်းကာ ကြောက်စိတ်ကို ခနဘေးချပြီး အဝတ်သေးသေးကလေးများကို ခြင်းထဲ အမြန်ထည့်လိုက်သည်။

"ရှုံရေ. . . သားငယ်လေး အဝတ်အစားတွေကို လျှော်ရင် အမွှေးရည် များများထည့်နော်၊ သားငယ်လေးက သိပ်အသန့်ကြိုက်တာ"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

ရှုံသည် အဝတ်ခြင်းကို ပိုက်ကာ ခြေလှမ်းသွက်သွက်ဖြင့် ဒေါ်ဒေါ့်ရှေ့မှ ထွက်လာခဲ့မိသည်။

အခန်းဝဆီသို့အရောက်တွင်. . .

"မြစိမ်းရှုံ"

လူငယ်တစ်ယောက်အသံ။

ရှုံ့နာမည်ကို လှမ်းခေါ်လိုက်သောအသံ. . ။

ပီပီသသကြီး ကြားလိုက်ရတာမို့ ရှုံ ခြေလှမ်းတို့ တုန့်ခနဲဖြစ်ကာ ခေါင်းနားပန်းကြီးသွားမိသည်။ ဒီအိမ်ကြီးထဲမှာ ရှုံနှင့် ဒေါ်ဒေါ် နှစ်ယောက်သာ ရှိသည်။

ရှုံ့ကို လှမ်းခေါ်လိုက်သံမှာ ယောကျ်ားသံမှ ယောကျ်ားသံ ပီပီသသကြီး ဖြစ်သည်။

ရှုံခမျာ အထိတ်တလန့်ဖြင့် ဒေါ်ဒေါ့်ကို အားကိုးတကြီး လှမ်းကြည့်လိုက်မိသည်။

ဒေါ်ဒေါ်က သူပါ ကြားလိုက်ရကြောင်း ထောက်ခံသလို

www.burmeseclassic.com

www.burmeseclassic.com




ခေါင်းတစ်ချက်ညိတ်ပြလျှင် ရှုံ့သည် လျှော့ခါးပေါ်မှ ခလုတ်တိုက်လဲတော့မတတ် ပြေးဆင်းခဲ့မိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# ကြိုစယ်တတ်သော လူခြောက်ကလေး

"ရှဲရေ. . . ထမင်းစားစို့"

ဒေါ်ဒေါ်က အဖော်ငတ်နေသူမို့ ဘာလုပ်လုပ် မခွဲခြား၊ ထမင်းစားလျှင်လည်း ရှုံကို တစ်ဝိုင်းထဲ ထိုင်စားစေသူဖြစ်သည်။ ရှုံက ဟင်းများထည့်မစားရဲ. .၊ ဒေါ်ဒေါ်က အားမနာနဲ့ဆိုကာ ခပ်ထည့်ပေးတတ်သည်။

ထမင်းစားဝိုင်းတွင် ဒေါ်ဒေါ်က အငွေ့တလှောင်းထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထနေသော နွားနို့တစ်ခွက်နှင့် သစ်သီးစုံများ ချထားလေရာ ပထမတော့ ရှုံ နှားမလည်။

ထမင်းစားပြီး ဒေါ်ဒေါ် အချိုပွဲစားဖို့ဟု ထင်မိသည်။ တကယ်တော့ မဟုတ်ပါ။

ဒေါ်ဒေါ်က သူ့ဘေးမှ ခုံအလွတ်ကို ရွှေ့လျက်. . .

"သားငယ်လေးရေ. . . စားကြမယ်ဟေ့. . . လာ"

ဟုခေါ်မှ နားလည်လိုက်တော့သည်။

"သားငယ်လေးက အသားကြီးငါးကြီး မစားဘူးလေ၊ သူတော်ကောင်းလေး"

ဒေါ်ဒေါ်က ဆက်ရှင်းပြသည်။

"သူမွေးပြီးမှ ဒေါ်ဒေါ်တို့ စီးပွားတက်လာတာ၊ ထီဆုကြီးတွေလည်း ပေါက်တယ်၊ နံပါတ်လည်းပေးတယ်၊ သူပြောတဲ့ လုပ်ငန်းတွေလုပ်ရင် အောင်မြင်တာပဲ၊ အခု ထောင်ထားတဲ့ စက်ရုံကလည်း သူပြောတဲ့အတိုင်းလုပ်တာ အောင်မြင်တာပဲ"

ရှုံသည် ဒေါ်ဒေါ်ပြောတာကို နားသာထောင်နေရသော်လည်း မျက်နှာချင်းဆိုင်မှ ကိုယ့်ကို လူတစ်ယောက်ယောက် စိုက်ကြည့်နေသလို ခံစားနေရသည်။

ရှုံသည် မလုံမလဲဖြစ်ကာ မျက်နှာအထားရ ခက်နေမိသည်။

လူရယ်လို့ တပ်အပ်မမြင်တွေ့ရပေမယ့် ကိုယ်နှင့်ရွယ်တူ ယောကျ်ားလေးတစ်ယောက် ဒီအိမ်ကြီးထဲမှာ ရှိနေတယ်ဆိုတာကို ရှုံ တပ်အပ်သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်က ရှုံ့အဖြစ်ကို သိနေသလို ပြုံးနေပါသည်။

"ဒေါ်ဒေါ်က သားငယ်လေးကို သိပ်ချစ်တာ၊ သားကြီးထက် ပိုချစ်တယ်၊ အကျိုးပေးလို့ ပိုချစ်တာ မဟုတ်ဘူး၊ သနားချစ်နဲ့ ပိုချစ်တာ. .၊ မွေးပြီးကာစကလေ သူများတွေက ကလေးအသေလေးမွေးတာဆိုပြီး နို့ခမ်းဆေးတွေ ထိုးခိုင်းတာ ဒေါ်ဒေါ်တာ မထိုးရက်ပါဘူး၊ သားငယ်လေး ဒေါ်ဒေါ့်နို့ လာလာစို့တာ ဒေါ်ဒေါ်သိနေတယ်လေ. . .

တခြားကလေးတွေလို ဘာကရိကထမှ မခံရဘူး၊ ဒါပေမယ့် သူလိုချင်တာရှိရင် အိပ်မက်အမြဲပေးတယ်၊ ဒေါ်ဒေါ့်မှာ သူ့ကို ချီပွေ့ချင်ရင်တောင် အိပ်မက်ထဲမှာပဲ ချီပွေ့ရ မြင်တွေ့ရတာ၊ ချစ်ရတာ အားမရဘူး. .၊ သူလိုချင်တာ ဝယ်ပေးရင်တော့ မအေ့ပါးကို အထပ်ထပ်အခါခါ လာနမ်းနေတော့တာပဲ"

"ဒေါ်ဒေါ် ဘယ်လိုသိလဲဟင်"

ရှုံ့သည် နားမရှင်းစွာ ထပ်မေးလိုက်သည်။

"အဲ့ဒါ ဘယ်လိုပြောပြရမှန်းတောင် မသိဘူး၊ ခံစားသိတွယ်. . ပါးမှာ နွေးခနဲနွေးခနဲ ဖြစ်သွားတာပဲ၊ စိတ်ထဲကလည်း အလိုလိုကို သိနေတယ်"

ရှုံ့သည် ဒေါ်ဒေါ်ပြောတာကို စိတ်ဝင်တစား နားထောင်နေရင်း စားပွဲအောက်မှ ရှုံ့ခြေထောက်ကို တစ်စုံတစ်ယောက်က လာထိလိုက်သလို ခံစားလိုက်ရသည်။

ရှုံ့က စားပွဲအောက်ကို ဖျတ်ခနဲ ငုံ့ကြည့်လိုက်သည်။ ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ရုံ ခြေထောက်ကို ချမထားရဲတော့၊ ကုလားထိုင်ပေါ် တင်ပျဉ်ခွေထိုင်ကာ လုံချည်စဖြင့် ဖုံးထားမိသည်။

ဒေါ်ဒေါ်က ရုံ့အဖြစ်ကို ရိပ်မိသလို ရယ်သည်။

"သားငယ်လေးက ခင်ရင် စ,တတ်တယ်၊ မကြောက်ပါနဲ့ သမီးရယ်၊ သူက လူတိုင်းကို ခင်တတ်တာ မဟုတ်ဘူး၊ သမီးက လိပ်ပြာလှလို့ စိတ်ကောင်းရှိလို့ ခင်တာ. .၊ သားလေးက နာနာဘာဝ မဟုတ်ပါဘူး. . . မကြောက်ပါနဲ့"

ရုံသည် ဒေါ်ဒေါ်ပြောမှ ပိုကြောက်လာကာ မျက်နှာပင် ပျက်ယွင်းလာတော့သည်။ ထမင်းပင် ဖြောင့်ဖြောင့်မစားရဲတော့ မြန်မြန်လက်စသတ်လိုက်သည်။

"သမီးစားပြီးရင် သားလေးစားထားတာတွေပါ တလက်စထဲ သိမ်းလိုက်တော့နော်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

ရုံက နွားနို့မတ်ခွက်ကို အရင်သိမ်းဖို့ လှမ်းကိုင်လိုက်သည်။

ခွက်မှာ ယူမရဘဲ တစ်ယောက်ယောက်က ပြန်ဆွဲယူထားသလို ဖြစ်နေသည်။

"ဟင်. ."

ရုံ အားထည့်ကာ ဆွဲကြည့်သည်။ မရ. .။

ရုံ့စိတ်ထဲ တစ်မျိုးဖြစ်လာသည်။

သစ်သီးများ ထည့်ထားသော လင်ဗန်းကို ဆွဲယူကြည့်သည်။ မရ. .။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်မှနေ ပြန်ဆွဲယူထားသလို လင်ဘန်းမှာ ရွှေ့မလာခဲ့..။

ရှုံ့ ရင်တွေ တဒိတ်ဒိတ်ခုန်ကာ လက်တွေပင် တုန်ယင်လာလေသည်။

"ဒေါ်ဒေါ်..."

ရှုံက ဒေါ်ဒေါ်ကို အားကိုးတကြီး ခေါ်လိုက်မိသည်။

"ခွက်တွေ လင်ဘန်းတွေ ယူလို့မရဘူး၊ ဆွဲထားသလိုပဲ"

ရှုံ့အသံကလေးမှာ တုန်နေသည်။

ဒေါ်ဒေါ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး..

"သားငယ်လေးရေ..မနောက်ပါနဲ့ကွယ်၊ မြစိမ်းရှုံက ကြောက်တတ်တယ်ကွယ့်"

ဒေါ်ဒေါ်က ခွက်နှင့်လင်ဘန်းကို သူကိုယ်တိုင်ယူကာ ရှုံ့လက်ထဲ ထည့်ပေးလိုက်သည်။

ဒါတောင်..ရှုံသည် သူစားထားသည်ဆိုသော အသိကြောင့် ကိုင်ရတာ မဝံ့ရဲချေ။

"ဒါတွေ ဘယ်လိုသိမ်းရမှာလဲ ဒေါ်ဒေါ်"

ရှုံ မသိလို့ လှမ်းမေးလိုက်လျှင် ဒေါ်ဒေါ်.., မျက်နှာပျက်သွားပါသည်။

ပြန်မပြောဘဲ အိမ်နောက်ဖေးတွင် အပြင်ထုတ်ထားသော အမှိုက်ပုံးကြီးဆီ လက်ညှိုးညွှန်ပြလေသည်။

ရှုံသည် ဘာမှအရာမယွင်းသော စားစရာများကို အမှိုက်ပုံးထဲ သွားထည့်ရမှာ နှမြောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ပုံးထဲသို့သွန်နေစဉ် ရှုံ့နားရွက်ကို အနောက်မှ တစ်ယောက်ယောက်က လှမ်းတို့လိုက်သလို ခံစားလိုက်ရလျှင် ရှိုး လင်ဘန်းတွေရော မတ်ခွက်ရော အမှိုက်ပုံးထဲ ပစ်ထည့်ခဲ့မိကာ ဒေါ်ဒေါ့်ဆီ အမြန်ပြေးသွားမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

# ပူဆာတတ်သော လူခြောက်ကလေး

“ရှုံရေ. . . ဒီနေ့တော့ ရှုံနဲ့ဒေါ်ဒေါ် အဝတ်အစားတွေ ဝယ်ဖို့ မြို့ထဲရှော့ပင်ထွက်ကြရအောင်”

ရှုံသည် ဒေါ်ဒေါ့်ကို အံ့သြတကြီး လှမ်းကြည့်မိသည်။ ဒေါ်ဒေါ်တို့အရွယ်တွေလည်း အလှကြိုက်သေးတာပဲလို့ အံ့သြနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ့်အတွက် မဟုတ်ဘူး ရှုံရေ့ ကိုလူပျိုအတွက်၊ ညကပူဆာတယ်လေ အဝတ်အစားအသစ်တွေ ဝယ်ပေးပါဦးတဲ့"

"အစ်ကိုကြီးမင်းထက်သာကလားဟင်"

"ဘယ်ကလာ. . . သားကြီးနဲ့ အမျိုးသားက သူတို့ဘာသာ ဝယ်ဝတ်ကြတာ၊ အခုဟာက သားငယ်လေးလေ၊ အဝတ်အစားတွေ ဗီရိုကြီးနဲ့ တစ်လုံးဟာကို ထပ်ဝယ်ခိုင်းပြန်ပြီ. . .၊ သိပ်အလှကြိုက်တာ"

ရှုံသည် ဒေါ်ဒေါ်မမြင်အောင် တစ်ဘက်သို့လှည့်ကာ နှာခေါင်းရှုံ့လိုက်မိသည်။

လူချောက်ကလေးကလည်း အလှကြိုက်တတ်သတဲ့။ သူဝတ်တော့ဖြင့် မွေးခင်းစအစွယ်လေးတွေဝတ်တဲ့ ပိစိကွေးလေးတွေများ. . ဟိဟိ။ ဝယ်ထားတဲ့ အကျီလုံချည်တွေကဖြင့် ဗီရိုကြီးထဲကတောင် မထုတ်ရဘဲနဲ့. . ။

ရှုံတစ်ယောက် စိတ်ထဲက ဝေဖန်ကဲ့ရဲ့နေမိစဉ် ငယ်ထိပ်ကို ခေါက်ခံရသလို နာသွားလေသည်။

"အ. ."

ရှုံက ပူထူသွားသောငယ်ထိပ်ကို လက်ဖဝါးဖြင့် ဖိပွတ်နေမိသည်။

ဒေါ်ဒေါ်လှမ်းခေါက်ရအောင်ကလည်း ရှုံက ဒေါ်ဒေါ် လက်လှမ်းမီသောနေရာမှာမှ မဟုတ်ဘဲ. . ။

ဒေါ်ဒေါ်က ရှုံ့အဖြစ်ကို သိသည်။ ပြုံးချင်ချင်. . ။

www.burmeseclassic.com

www.burmeseclassic.com



"သားငယ်လေးနော်. . . ကိုယ့်ထက်အငယ်ကို တအား နာအောင် မလုပ်ရဘူး၊ ရုံက သားထက်ငယ်တယ်"

ရုံသည် သားငယ်ဆိုသောလူခြောက်ကလေးကို စိတ်ထဲကတောင် မပစ်မှားရဲအောင် ကြောက်သွားမိသည်။

စိတ်ထဲက အတွေးကိုတောင် သူဘယ်လိုများ သိနိုင်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ပလာဇာရောက်လျှင် ဒေါ်ဒေါ်က ဝယ်နေကျဆိုသော ဆိုင်ခန်းဆီ တန်းသွားကာ ရွေးပါလေတော့သည်။

"ရှုံရေ. . . ဒေါ်ဒေါ့်ကို ကူရွေးပေးပါဦး"

"သူက အသားဖြူလား. . . ညိုလား ဒေါ်ဒေါ်"

ရှုံက ဒေါ်ဒေါ့်ကို ဘယ်သူမှ မကြားအောင် တိုးတိုးကပ်မေးလိုက်သည်။ ရှုံမြင်နေကျက မည်းခြောက်ခြောက် လူရိုးစုကလေးသာဖြစ်တာမို့ ရှုံ မခန့်မှန်းတတ်ပါ။

"ဖြူတယ်. . . အဲ. . . ဒါပေမယ့်အသားအရေက အပေါ်ဘက်နည်းနည်းသန်းတယ်"

"ဒါဆို အရောင်နုလေးတွေနဲ့ ပိုလိုက်မှာပေါ့နော်၊ ဟိုမိုးပြာရောင်လေးဆိုရင်ရော ဒေါ်ဒေါ်"

www.burmeseclassic.com

www.burmeseclassic.com



ရုံက မိုးပြာရောင်လေးကို မျက်စိကျကာ ရွေးပေးလိုက်သည်။

"ရုံက အရွေးတော်လိုက်တာ. . ဟုတ်တယ်၊ အဲ့ဒီ အရောင်လေးဆို သားငယ်လေးနဲ့ လိုက်မှာသေချာတယ်၊ သားငယ်လေးက သိပ်ချေးများတာ၊ လည်ကတုံး လက်ရှည်မှ ဝတ်တာ၊ လူငယ်ဆန်ဆန်တွေ မကြိုက်ဘူး၊ ခံ့ခံ့ညားညား ကြိုက်တာ. ."

'ဟွန်း. . ကြီးကျယ်လိုက်တာ'ဟု ရုံက စိတ်ထဲမှ ဝေဖန်လိုက်သည်။

ဆိုဒ်ရွေးတော့ ဒေါ်ဒေါ်က ဆိုဒ်အကြီးကြီးကိုမှ ရွေးချယ်နေတော့သည်။ ရုံက ကြည့်ပြီးရယ်ချင်နေမိသည်။

သူက တစ်တောင်လောက်ပဲ ရှိတာမဟုတ်လား။

"သားငယ်လေးက ထွားတယ်၊ အရပ်က ခြောက်ပေနီးပါးလောက်ရှိတာ၊ သူ့အဖေနဲ့ အစ်ကိုထက်တောင် ထွားသေးတာ"

ဒေါ်ဒေါ်က ရုံ့ကို ဖြေရှင်းပြနေသေးသည်။

ရုံသည် အပြာရောင် အဆင်အသွေး ဝတ်ထားမယ့် အရပ်မြင့်မြင့် ယောက်ျားပျိုတစ်ယောက် ပုံစံကို မျက်စိထဲ ခန့်မှန်းမြင်ယောင်ကြည့်နေမိသည်။

ရုံသည် တဖြည်းဖြည်းနှင့် သူ့အပေါ် ကြောက်စိတ်လျော့ကာ ရင်းနှီးလာခဲ့တော့သည်။ သူ့ကို ရုပ်ပီပီပြင်ပြင် မမြင်ရသော်လည်း သက်ရှိလူသား တစ်ယောက်အဖြစ် ရုံ့စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ထင်လာမိသည်။

ဒီအိမ်ကြီးမှာ ဒေါ်ဒေါ်နှင့်ရုံ့အပြင် သူပါ ရှိနေသလို ခံစားနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

# လူခြောက်ကလေးရဲ့ရုပ်အမှုန့်

ခုံကြီးထဲတွင် ရုံသည် ပျင်းရိခြောက်သွေ့စွာဖြင့် တစ်ယောက်ထဲ ရပ်နေမိသည်။ ရုံ ရပ်နေသောနေရာမှာ မြူမှုန်တွေလို အမှုန်များ ကျလာသည်။

တဖြည်းဖြည်းနှင့် သိပ်သည်းထူပိတ်လာရာ ရုံ့မှာ ကိုယ့်ကိုယ်ကိုတောင် မမြင်ရတော့၊ ပတ်ဝန်းကျင်ကိုလည်း မှန်းဆလို့မရတော့. . . ။

www.burmeseclassic.com

www.burmeseclassic.com



ရှုံမှာ ကြောက်စိတ်ဖြင့် အေးခဲတောင့်တင်းနေမိသည်။

ရှုံ ဒီမြို့တိုက်ကြီးထဲက လွတ်မြောက်အောင် ဘယ်လို ရုန်းကန်တိုးထွက်ရမည်လဲ။

ဘာမှမမြင်ရသော်လည်း ရှုံ ကြောက်ကြောက်နှင့် မျက်လုံးကို စုံမှိတ်ထားမိသည်။

ခဏကြာလျှင် ရှုံ့အာရုံစိတ်ထဲ. . . ပြူးထွက်နေသော မျက်လုံးနီနီရဲရဲကြီးများ၊ ရှည်လျားကွေးညွတ်ကျနေသော လျှာကြီးဖြင့်. . . ဦးခေါင်းလုံးဝမပါဘဲ ကိုယ်ထည်ကြီးသက်သက် လျှောက်သွားနေသော သတ္တဝါများ၊ သွေးပျက်စရာကောင်းလောက်သော နာနာဘာဝသရဲရုပ် အမျိုးမျိုးကို မြင်တွေ့နေရသည်။

ရှုံကသာ မြင်နေရသော်လည်း သူတို့ကတော့ မမြင်သလို၊ ဒါမှမဟုတ် မြင်လျက်သားနှင့် ဂရုမစိုက်သလို သူတို့ဘာသာ လှုပ်ရှားသွားလာနေကြတာဖြစ်သည်။

ရှုံသည် ကြောက်လွန်းသဖြင့် အသံလည်း မထွက်ရဲ၊ ထွက်ပြေးဖို့ရာလည်း လှုပ်ရှားမရဘဲ ဘီလူးစီးခံရသလို ကြောင်ကြောင်ကြီးသာ မှင်သက်နေမိသည်။

နဂိုကတည်းက အကြောက်ကြီးတတ်သော ရှုံသည် အသက်တောင် မရှူမိတော့ဘူး ထင်သည်။

ခဏကြာလျှင် ရှုံ့အာရုံစိတ်ထဲ ထိုနာနာဘာဝများအားလုံး ချက်ချင်းပျောက်သွားသည်။

ရှုံ မျက်စိဖွင့်ကြည့်လိုက်လျှင် ခုနက ပိန်းပိတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မြူမှုန်များ တစ်စမျှတောင် မရှိတော့ဘဲ လင်းချင်းလျက်ရှိသည်။

ရုံ အံ့ဩတကြီး ဖြစ်နေဆဲ ရုံ့ရှေ့ကို အဖြူရောင် အငွေ့ပါးပါးများ ရောက်ရှိလို့လာပြန်သည်။

ထို့နောက် တဖြည်းဖြည်း စုဝေးသွားလေလျှင်. . ရုံသည် မျက်လုံးလေး အဝိုင်းသားဖြင့် မှင်သက်စိုက်ကြည့်နေမိသည်။

“ဟင်. . ”

ရုံ့တစ်သက်မှာ ဒီလောက် ရှင်းသန့်ချောမွေ့သော. . . ယောက်ျားတစ်ယောက်ကို တစ်ခါမှ မမြင်ဖူးပါ။

သူ့မျက်လုံးများမှာ စိမ်းညိုလျက် ရုံ့ကို ဖမ်းစားသိမ်းပိုက်ထားသလို ရှိသည်။

အပြာရောင်. . ။

ရုံကိုယ်တိုင် ရွေးချယ်ပေးခဲ့သော အပြာရောင် အဆင်အသွေး. . ။

သူ့ကိုယ်ပေါ်မှာ မိုးပြာရောင် လည်ကတုံး ရှပ်လက်ရှည်နှင့် စိုလက်နေသော ကြည်ပြာရောင် ပိုးတွဲကွက်စိပ်လုံချည်။

ဒါဆို သူ. . . သူဟာ. . . ။

“အံ့ဩသွားလား. . . ကျွန်တော်က ရုံစိတ်ကူးထဲမှာ ခန့်မှန်းထားတဲ့ပုံစံနဲ့ တူရဲ့လား”

“ရှင်. . . ရှင် သားငယ်၊ မိုးထက် မဟုတ်လား”

“ကျွန်တော် ရုံ့ထက် အသက်ပိုကြီးပါတယ်ဗျာ”

“. . . . . . . . . . . . . . . . . . ”

“ဘယ့်နှယ့်လဲ. . . ခင်ဗျားရွေးပေးထားတဲ့ အဆင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုက်ရဲ့လား"

သူက ပြုံးမြမြဖြင့် မေးသည်။

ရုံ ပြန်မဖြေရဲ။ သူ့ကို သေသေချာချာလည်း မကြည့်ရဲ။ စိတ်ထဲမှာတော့ ဝင်းဝါနေသော သူ့အသားအရည်နှင့် အပြာရောင် အဆင်အသွေးမှာ လိုက်ဖက်လွန်းလှချေရဲ့ဟု ဝန်ခံနေမိသည်။

"ခင်ဗျားမြင်ဖူးနေကျ အဝတ်ပိစိလေးတွေ ဝတ်ထားတဲ့ လူခြောက်ကလေးနဲ့ အခုမြင်နေရတဲ့ ကျွန်တော့်ကို. . ခင်ဗျား တစ်ထပ်တည်း မြင်ရဲ့လား"

ရုံက ခေါင်းညိတ်ပြလိုက်ပါသည်။

"ဟုတ်လို့လား. . "

သူ့မျက်နှာမှာ တည်သွားလေသည်။ ရုံ့ကို အလေးအနက်ထားပြီး စကားပြောလိုဟန် တွေ့ရတာကြောင့် ရုံမှာ အနေရခက်သလို ဖြစ်နေမိသည်။

"လူခြောက်ပုံစံက ကျွန်တော့်ရဲ့ရုပ်ကြွင်းပေါ့၊ သက်မဲ့ ခန္ဓာကိုယ်ပေါ့၊ တကယ်တော့ ကျွန်တော်ဟာ သီးခြားဘဝတစ်ခုမှာ ရှင်သန်နေပါတယ်၊ အခု မြစိမ်းရုံ မြင်နေရတာက ကျွန်တော့်ရဲ့ ရှင်သန်နေတဲ့ ဘဝသစ်တစ်ခုပေါ့၊ ဒါပေမယ့် ကျွန်တော့်ကို လူတိုင်းမမြင်တွေ့နိုင်ဘူး"

"ရှင်. . . ရှင်က ဘာလဲဟင်၊ သရဲနာနာဘာဝလား"

သူက ဘာမှပြန်မဖြေပါ။

"ကျွန်တော်ဟာ လူတွေကို ကောင်းကျိုးလည်း ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



သလို. . ဆိုးကျိုးလည်း ပေးနိုင်တယ်၊ ဒါပေမယ့် ကျွန်တော် အတတ်နိုင်ဆုံး စိတ်ကိုဖြူစင်အောင်ထားတယ်၊ လူတွေကို ကူညီတယ်၊ သက်တမ်းစေ့ရင် ဘဝဟောင်းကို ပြန်ရမှာ၊ လက်ရှိဘဝမှာတော့ ကျွန်တော်ဟာ ရုပ်တခြား ဝိညာဉ်တခြား နေနေရတဲ့သူပေါ့"

"အခု. . . အခု ရုပ်ကရော ရှင့်ရဲ့ရုပ်အမှန်ပဲလားဟင် တိုမိုးထက်သာ"

"ဟုတ်ပါတယ်. . . ဒါ ကျွန်တော့်ရဲ့ရုပ်အမှန်ပါပဲ"

"ဒါ. . . ဒါဆို. . ရှင့်ကိုမတွေ့ရခင် ကျွန်မတွေ့ရတဲ့ နာနာဘာဝသရဲတွေက. . ."

"အဲ့ဒါ ကျွန်တော့်ရဲ့တပည့်တွေပါ၊ ကျွန်တော်မွေးထားတာလေ၊ သူတို့ကို အနေအစား ချောင်လည်အောင် ကျွန်တော်က စောင့်ရှောက်ပေးထားတာ၊ သူတို့ကလည်း ကျွန်တော့်အတွက်ဆို ဘာမဆိုလုပ်ပေးဖို့ အသင့်ဖြစ်နေတဲ့သူတွေပေါ့၊ ဒါပေမယ့် သူတို့နဲ့ကျွန်တော် အဆင့်ချင်းတော့ မတူဘူးပေါ့"

ရုံသည် သူပြောသောစကားများကို နားလည်အောင် ကြိုးစားရင်း ပို၍ပြီးနားဝေးသွားမိသည်။

ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ ရုံမကြောက်ဘဲ စိတ်ထဲမှ ခင်မင်သွားမိသည်။

"ရုံ့ကို ခင်လို့ ကျွန်တော်လာတွေ့တာ၊ ကျွန်တော်ရဲ့ ကျွန်တော့်အိမ်သားတွေကလွဲရင် ဘယ်သူမှ အတွေ့ခံချင်တာ မဟုတ်ဘူး၊ ကျွန်တော်က လူခြောက်ဝိညာဉ်ဖြစ်နေတော့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



က အသုံးချဖို့ ကြိုးစားမှာစိုးလို့လေ”

“ကဲ. . . ကျွန်တော်သွားဦးမယ်၊ နောက်မှ ထပ်တွေ့ကြသေးတာပေါ့”

ခုနက ပြောစရာစကား မရှိသလို ဖြစ်နေခဲ့သောရှုံသည် သူပြန်တော့မည်ဆိုတော့ နှမြောနေမိသည်။ သူနှင့် စကားတွေ ဆက်ပြောနေချင်သေးသည်။ သူ့ဆီမှ ဆန်းကြယ်လှသော အကြောင်းအရာများကို စိတ်ဝင်တစား နားထောင်ချင်နေသေးသည်။

သူ့ခန္ဓာကိုယ်မှာ တဖြည်းဖြည်းချင်း မှုန်ဝါးသွားကာ. . . အလာတုန်းကလို အဖြူရောင် အငွေ့များအဖြစ် ပြောင်းလဲသွားသည်။

ရှုံသည် ထိုအငွေ့များကို ဖမ်းဆုပ်ဖို့ ကြိုးစားရင်း အလောတကြီး ခေါ်နေမိသည်။

“ကိုမိုးထက်သာ. . .”

“ကိုမိုးထက်သာ. . .”

卐 卐 卐 卐



www.burmeseclassic.com

www.burmeseclassic.com



"ရှုံ. . . ရှုံ. . . မြစိမ်းရှုံ၊ ဘာဖြစ်တာလဲ သမီး"

ရှုံ မျက်စိဖွင့်လိုက်သည်နှင့် ဒေါ်ဒေါ့်ကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားရသည်။

ဒေါ်ဒေါ်က ဆက်တီဆိုဖာပေါ်မှ အောက်သို့ကျကာ ပတ်လက်ကြီးဖြစ်နေသော ရှုံ့ကို ငုံ့စိုက်ကြည့်နေသည်။

"အိပ်မက်,မက်နေတာလား. . . သမီး"

ရှုံသည် ခုနကအဖြစ်အပျက်ဟာ တကယ်လား၊ အိပ်မက်လား ဝေခွဲမရနိုင်သေး။

"သမီးနဲ့ဒေါ်ဒေါ် မိုးအေးအေးနဲ့ အိပ်ပျော်သွားတာလေ ကွယ်၊ သမီးအိပ်မက်,မက်နေတာ ဖြစ်မှာပေါ့"

ရှုံ အိပ်မက်မက်နေတာလား။

"ခုနက သမီး ကိုမိုးထက်သာလို့ ခေါ်လိုက်တာ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြားမိတယ်”

ရုံသည် ဒေါ်ဒေါ့်ကိုရှက်ကာ မျက်လွှာချလိုက်မိပြီး အသာခေါင်းညိတ်ပြလိုက်မိသည်။

“သမီးအိပ်မက်ထဲကလူရဲ့ရုပ်က ဘယ်လိုမျိုးလဲ”

“မျက်ခုံးထူတယ်၊ မျက်လုံးက အစိမ်းရောင်နဲ့ ပါးမြိုင်းမွေး ရေးရေးလေး ရှိတယ်၊ နှုတ်ခမ်းတွေက ပါးပေမယ့် ရှည်တယ်၊ လူကတော့ အတော်ချော်တယ်”

ရုံသည် အသေးစိတ် ပြန်မြင်ယောင်ကာ ဒေါ်ဒေါ့်ကို တစ်ခုချင်း ပြန်ပြောနေမိသည်။

“ဟုတ်တယ်. . . အဲ့ဒါ သားငယ်လေးပါပဲ”

ရုံသည် ဒေါ်ဒေါ့်ကို မော့ကြည့်မိလျှင် ဒေါ်ဒေါ်က ရုံကို ပြန်ငုံ့ကြည့်ကာ ပြုံးလျက် ခေါင်းတဆတ်ဆတ် ညိတ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

## ဘဝခြားတဲ့ချစ်သူ

ရုံသည် အိပ်မက်,မက်ပြီးခဲ့သည့်နောက်ပိုင်း သူ့ကို မေ့မရတော့ချေ။ ရုံ သူ့ကို စွဲလမ်းမိနေပြီလားမသိ။

ဟုတ်တတယ်. . . ဘဝချင်း မတူမှန်း သိသော်လည်း ရုံ သူ့ကို စွဲလမ်းလို့နေမိပြီ။

နေ့လယ်နေ့ခင်းကြီးတောင် ကြောက်တတ်သော ရုံသည် အခုတော့ သူ့ကို အိပ်မက်ထပ်မက်ဖို့သာ ဆုတောင်းလို့ နေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

အိပ်မက်ထဲမှာ သူ့ကို မတွေ့ရသေးခင် အရင်တွေ့ရသော နာနာဘာဝသရဲ ရုပ်များကိုလည်း ဇွတ်အတင်း မေ့ထားလို့ ရနေမိသည်။

သူ့ကို နောက်ထပ် အိပ်မက်ထပ်မမက်သေးပေ။

သို့သော်. . . ညသန်းခေါင်၌. . .

သူမ၏အိမ်တွင် အိပ်မောကြီး ကျနေချိန် ရုံ့ခန္ဓာကိုယ်ကို အတင်းလာလှုပ်နှိုးသလို ခံစားရတာကြောင့် ကပျာကယာ ထထိုင်လိုက်မိသည်။

လရောင်က ဝါးထရံ ကြက်တူရွေးကွက်များထဲမှ ရှုံတို့တဲကလေးအတွင်းသို့ တိုးဝင်နေလေသည်။

အမေများနှိုးတာလားဟု အမေ့ခြင်ထောင်ဘက် လှည့်ကြည့်တော့လည်း အမေလည်း အိပ်မောကျနေသည်။

တစ်စုံတစ်ယောက်က ညို့ငင်နေသလို တဲအပြင်ကို ထွက်ချင်စိတ် တဖွားဖွား ပေါ်နေမိသည်။

အပြင်မှာ တစ်ယောက်ယောက်က ရှုံကို လာစောင့်နေသလို ခံစားနေမိသည်။

အမေ မကြားအောင် ကြမ်းပြင်ကို ဖွနင်းကာ တံခါးချက်ကို ဖြည်းဖြည်းချင်း ဖွင့်သည်။

အပြင်ဘက်မှာတော့ လရောင်ဖြင့် ပြာလဲ့လင်းပချက်ရှိသည်။ လပြည့်ညမို့ ထင်ပါရဲ့၊ လောကကြီးတစ်ခုလုံး လရောင်ဖြင့် ဝင်းစိုလှပလို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံသည် ပတ်ဝန်းကျင်ကို ဝေ့ဝဲလျက် တစ်စုံတစ်ယောက်တို ရှာဖွေနေမိသည်။

ရုံ တွေ့ချင်နေသောသူကို မတွေ့၊ ဒီနေရာကို ထွက်လာမိအောင် ရုံ့ကို တစ်စုံတစ်ယောက်က ညို့ငင်ခေါ်ဆောင်ခဲ့တာတော့ သေချာပါရဲ့ . . .။

ဘယ်သူကများ အိပ်ရာကနိုးအောင် လာနှိုးခဲ့ပါလိမ့်။

အိပ်ချင်စိတ်ကလည်း မပြယ်သေးဘဲ ဝေခွဲမရ ဖြစ်နေဆဲ. .၊ ရုံ့ရှေ့မှာ မကောင်းဆိုးဝါးအရိပ်များ တစ်ခုပြီးတစ်ခု သေထဲဖြတ်ပြေးနေကြသည်။

ရုံ့မျက်လုံးများ ချက်ချင်းကျယ်သွားပြီး အိပ်ချင်စိတ်လည်း ပြယ်သွားတော့သည်။

မြင်နေရသည်မှာ ကြောင်နက်ကြီးများ၊ ခွေးနက်ကြီးများ နှင့်လွှားကာ မြူးတူးဆော့ကစားနေကြသလို. . .။ လရောင်ဖြင့် သေထဲပျံ့ဝဲနေသော မကောင်းဆိုးဝါးများ၏ မျက်လုံးရဲရဲကြီးများမှာ လက်ခနဲ လက်ခနဲ ထတောက်နေကြသည်။

ထိုပျံ့ဝဲနေသော မကောင်းဆိုးဝါးများကိုကြည့်ရင်း ရုံသည် ရင်တဒိတ်ဒိတ် ဖြစ်လာကာ မျက်လုံးကို စုံမှိတ်ထားလိုက်မိတော့သည်။

သို့သော်လည်း ခဏအကြာ မျက်လုံးများကို မရဲတရဲဖွင့်ကြည့်လိုက်မိလျှင် ခုနက အရိပ်အဖြစ် မြင်နေရသောအရာများမှာ ဂိုဗြဲပီပြင်နီးကပ်လာတာ တွေ့လိုက်ရတော့သည်။

သူတို့ကို ရုံကသာ မြင်တွေ့နေရသော်လည်း သူတို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှုံ့ကို သတိထားမိဟန်မတူ။ သို့သော် ဒီလောက် နီးကပ်ပီပြင်နေတာ တွေ့ရတော့လည်း လိပ်ပြာပင် လွင့်ချင်လာတော့သည်။

အော်လည်း မအော်ရဲ။ အော်လိုက်တော့မှ ရှုံ့ကို သတိထားမိသွားမှာ ပိုကြောက်မိသည်။

ရှုံ တဲအပြင်မှာ မနေရဲတော့. . .။

တဲကလေးထဲ တိတ်တိတ်ကလေး ပြန်လှည့်ဝင်ဖို့ စိတ်ကူးလိုက်သည်။ ခြေသံထွက်သွားမှာ ကြောက်နေမိသည်။

ပြန်လှည့်ဖို့ ပြင်လိုက်စဉ်. . .

"ဘယ်လဲ မြစိမ်းရှုံ့. ."

ရှုံ ကမန်းကတန်း လှည့်ကြည့်လိုက်လျှင် သူ့ကိုတွေ့လိုက်ရသည်။ ရှုံခမျာ ဟန်ပင်မဆောင်နိုင်တော့ဘဲ အတော်ပျော်သွားသည်။

"ဟယ်. . . ကိုမိုးထက်"

"ကျွန်တော် ရှုံ့အနောက်မှာ ရောက်နေတာကြာပြီ"

"အို. . . ရှုံ မသိဘူး၊ ရှုံ ဟိုမကောင်းဆိုးဝါး အရိပ်ကြီးတွေကိုကြောက်လို့ လှည့်ပြန်တော့မလို့"

"မကြောက်ပါနဲ့ ရှုံ၊ လပြည့်ညမို့ သူတို့ပျော်နေကြတာပါ၊ လူတွေကို အန္တရာယ်မပြုပါဘူး"

"ဟင့်အင်း. . ရှုံက တွေးရုံနဲ့တင် ကြောက်တတ်တာ ခုလိုမြင်နေရတော့ ကြာကြာဆက်နေရင် ရှုံ လိပ်ပြာလွင့်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရုံ လိပ်ပြာလွင့်သွားတော့ ပိုမကောင်းဘူးလား၊ ရုံ့ လိပ်ပြာလေးကို ကျွန်တော် ကောက်ယူသွားလိုက်မယ်လေ"

"အို. ."

သူက ပြုံးမြမြဖြင့် သွေးအေးစွာ ပြောသည်။

စချင်နောက်ချင်သည့်ဟန်ပန်ထက် တကယ်လုပ်မည့် ဟန်ပန်မျိုး ပေါက်နေတာမို့ ရုံ ကျောထဲစိမ့်တက်သွားရသည်။

"ဘာလဲ သူက ရုံ့ကို ဝိညာဉ်နှုတ်ချင်နေတယ်ပေါ့. . ဟင့်အင်း. . ဘယ်ဖြစ်မလဲ ရုံ မသေချင်သေးဘူး၊ ရုံ့မှာ အမေ ရှိသေးတယ်၊ ရုံ အမေနဲ့ မခွဲနိုင်သေးဘူး"

ရုံသည် ငိုသံပါကလေးနှင့် ခါးခါးသီးသီး ငြင်းနေမိသည်။

တကယ်ကို ငိုမဲ့မဲ့ ဖြစ်သွားသော ရုံ့မျက်နှာကို ကြည့်ပြီး ညီညာသော သွားတန်းကလေးများပေါ်အောင် သူရယ်လိုက်ပါသည်။

"ကြောက်မသွားပါနဲ့ ရုံ၊ ကျွန်တော်က ခင်လို့ နောက်တာပါ၊ ရုံ ကြောက်တတ်မှန်းသိလို့ တမင်နောက်လိုက်တာပါ၊ ဘယ်သူ့ကိုမှ ကျွန်တော် ထိခိုက်အောင် မလုပ်ပါဘူး. . .

တကယ်လို့ ရုံက ကျွန်တော့်နောက် လိုက်ချင်တယ်ဆို ရင်တောင် ကျွန်တော်မခေါ်ရက်ပါဘူး၊ ဘာလို့လဲ သိလား. ."

သူက စိမ်းညို့နေသော မျက်လုံးများဖြင့် ရုံ့ကို စိုက်ကြည့်ရင်း ဖြည်းညင်းစွာ ပြောနေသည်။

ရုံ့မှာ သူ့ရဲ့ညှို့ငင်ခြင်း ခံနေရသူလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံ သူ့ကို ဘာမှပြန်မပြောနိုင်။

ခေါင်းသာ အသာခါပြလိုက်မိသည်။

"ရုံ့ကို ကျွန်တော် သနားလို့"

သူ့အသံမှာ တစ်လုံးချင်း တိုးညင်းလှပါသည်။

"ဘာလို့ သနားတာလဲဆိုတာကိုရော သိလား"

ရုံသည် ခေါင်းပဲခါပြနေမိသည်။

သူက ရုံနှင့် အတော်နီးကပ်အောင် ရွေ့ကိုတိုးလာသည်။ သူ့ကိုယ်မှ သစ်မွှေးရနံ့လို သင်းပျံ့သော ရနံ့တစ်မျိုးမှာ ရုံ့ကို မူးဝေနေစေသည်။

"ရုံ့ကို ကျွန်တော် မေတ္တာရှိနေမိပြီ"

ရုံသည် သူ့ရဲ့ ရိုးရှင်းပွင့်လင်းလှသော ချစ်ရေးဆိုခြင်းခံလိုက်ရသောကြောင့် အံ့ဩတကြီး ဖြစ်သွားရသည်။

"ရှင်. . ."

ရုံမှာ မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ရုံ နောက်ကိုဆုတ်လိုက်သည်။ အရမ်းလည်း ကြောက်သွားမိသည်။

ဟင့်အင်း. . ဟင့်အင်း. . ။

ရုံနှင့်သူ မတန်ပါ။

သူက ရုပ်ရည်လည်း ချောမွေ့လွန်းလှသူ၊ ပစ္စည်းဥစ္စာလည်း ပြည့်စုံလွန်းလှသူ။

ရုံ့မှာက ရုပ်ရည်ကလည်း နွမ်း၊ ပစ္စည်းဥစ္စာကလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ. . ။

ပြီးတော့ သူနှင့်ရုံက ဘယ်လိုမှ မဖြစ်နိုင်ပါ။

'ဘဝချင်းက တူမှမတူပဲ'ဟု စိတ်ထဲမှတွေးနေမိသည်။

"ဘဝချင်း မတူလို့ ရုံက မဖြစ်နိုင်ဘူးလို့ ထင်သလား"

"အို. . ."

ရုံသည် ကိုယ့်အတွေးထဲက စကားကို သူကြားသွားတာကြောင့် အံ့သြသွားရသည်။

"ရုံကသာ ကျွန်တော့်ကို တကယ်မေတ္တာရှိတယ်ဆိုရင် ကျွန်တော်တို့ ပေါင်းဖက်လို့ ရပါတယ်"

"အို. . . မဖြစ်နိုင်တာ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ ရုံ၊ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး၊ ရုံသာ ကျွန်တော့်ကို မေတ္တာရှိမရှိ ဖြေပါ"

"ဟင့်အင်း. . ဟင့်အင်း. . ရုံ ကြောက်တယ်၊ ကြောက်တယ်. . ."

ရုံသည် မျက်နှာကလေး ပျက်ယွင်းကာ ခါးခါးသီးသီး ငြင်းနေမိသည်။

မဖြစ်နိုင်ပါ. .၊ ဘယ်လိုမှ မဖြစ်နိုင်ပါ။

ဘဝချင်းမတူဘဲ. . လူမဟုတ်သော ချစ်သူထားရမည့်အဖြစ်ကို ရုံ တကယ်ပဲကြောက်လန့်နေမိသည်။

"ဘာကိုကြောက်တာလဲ ရုံ၊ ဘဝချင်း မတူလို့လား၊ ကျွန်တော်က လူခြောက်မို့လို့လား၊ ကျွန်တော်က ဝိညာဉ်မို့လို့လား"

သူ အဲဒီလို ပွင့်ပွင့်လင်းလင်း ဖွင့်မေးတော့လည်း မဖြေ

www.burmeseclassic.com

www.burmeseclassic.com



ရက်. .။ ခေါင်းကိုသာ အဆက်မပြတ် ယမ်းခါပြနေမိရင်း. . .

"ဟင့်အင်း. . . ရုံကြောက်တယ်. . ရုံကြောက်တယ်"

လို့သာ ငြင်းနေမိသည်။

"ဟဲ့. . . သမီး ဘာတွေပြောနေတာလဲ"

ရုံ့ပခုံးကို ဖျတ်ခနဲ လှမ်းရိုက်လိုက်တာ သိလိုက်ရပြီး အမေ့အသံကို ကြားရမှ ရုံသည် ကြောင်ကန်းကန်းဖြင့် နောက်ကိုလှည့်ကြည့်လိုက်မိသည်။

"အမေ. . ."

"အပြင်မှာ ဘာဆင်းလုပ်နေတာလဲ၊ ညကြီးအချိန်မတော် အကြောက်အရွံ့မရှိ၊ ပါးစပ်ကလည်း ပွစိပွစိနဲ့ ဘာတွေပြောနေတာလဲ"

အမေက ရုံ့လက်ကို ဆွဲခေါ်လာကာ အိမ်ထဲကပျာကယာ ဝင်လေသည်။

ရုံသည် စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်နေသည်။

တဲအပြင်ထွက်ပြီး သူနှင့်တွေ့နေမိတာ အမေများ မြင်သွားသလား. .။

အမေ မြင်သွားရင်တော့ ရုံ အရိုက်ခံရတော့မည်။

"ပြောစမ်း. . . နင် ဘာဆင်းလုပ်တာလဲ၊ မကြီးမငယ်နဲ့ ယောင်ပြီး ဆင်းပြန်ပြီလား၊ ညည်း အဲဒီအကျင့်ဖျောက်စမ်း၊ ဒုက္ခတွေ့ရင် ခက်မယ်"

ရုံငယ်ငယ်က ယောင်ပြီး တံခါးဖွင့်ထွက်တာတွေဘာတွေ လုပ်တတ်သည်။ အဲဒီအကျင့်က ပျောက်နေတာ ကြာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



အခုအဖြစ်အပျက်က ယောင်တာမဟုတ်တာတော့ သေချာပါသည်။ သူ့ကို ဆင်းတွေ့တာ အမေ မြင်ပုံမပေါ်။

တော်ပါသေးရဲ့. . . ။

“ညည်းအေ. . . ကျုပ်အပေါ်ထသွားမိလို့ တော်သေးတာပေါ့၊ ညည်းခြင်ထောင်ထဲမှာ မရှိတော့ စိတ်ကိုပူသွားတာပဲ၊ တံခါးကလဲပွင့်လို့၊ နောက်ဆို တံခါးသော့ခတ်အိပ်မှပါပဲ. . ၊ မတော် အရက်မူးသမားတွေများ လမ်းပေါ်က ဖြတ်သွားရင်း နင့်ကိုတွေ့ရင် ဒုက္ခများတော့မှာပဲ၊ အမေ အသိမြန်ပေလို့ပေါ့ သမီးရယ်”

အမေက တစ်ယောက်တည်းမွေးထားသော သမီးမို့ အစိုးရိမ်ကြီးရှာတာ ရုံ သိပါသည်။

ဒါဆို သူနှင့် တွေ့နေတာသာ အမေသိရင် ဘယ်လို များနေရှာမယ် မသိ။

“ကဲ. . . ကဲ. . . ပြန်အိပ်ပြန်အိပ်၊ အမေတော့ သမီး လုပ်တာနဲ့ မျက်စိတောင် ကြောင်သွားပြီ”

အမေက ပြန်အိပ်ဆိုသော်လည်း ရုံ ပြန်အိပ်လို့ မရ တော့။ အမေ့လိုပင် မျက်စိကြောင်ကာ နေမိသည်။

အမေ သူ့ကို ဘာလို့များ မတွေ့တာပါလိမ့်၊ ရုံ စဉ်းစား လို့မရ။

သူပြောခဲ့ဖူးသလို သူကတွေ့စေချင်မှပဲ လူတွေက သူ့ ကိုတွေ့ရတာများလား၊ ဘယ်လို စဉ်းစားလို့မှ ဉာဏ်မမီ. . ။

သူ ရုံ့ကို ချစ်ရေးဆိုခဲ့တာကို ပြန်သတိရနေပြီး ရင်တွေ

www.burmeseclassic.com



ဖိုနေမိသည်။

သူ ရုံ့ကို တကယ်ချစ်တာလား။

ဒါပေမယ့် သူက ချစ်တယ်လို့ ပြောတာမဟုတ်၊ လူကြီး *ဆန်ဆန် မေတ္တာရှိတာတဲ့လေ၊ သူဟာ အဝတ်အစား အနေအ* ထိုင် တည်ကြည်သလို စကားပြောတော့လည်း လူကြီးဆန်တာပင်။

ရုံကရော သူ့ကို ချစ်နေမိပြီလား။

ရုံသည် သူ့ကို ထပ်တွေ့ချင်နေမိတာတော့ ဝန်ခံပါသည်။

သူ့ညို့ငင်မှုအောက်မှလည်း ရုံ ရုန်းမထွက်နိုင်. .။

သို့သော် သူ့ရဲ့ လူမဟုတ်တော့တဲ့ဝိညာဉ်ဘဝကိုတော့ ရုံ တကယ်ပဲကြောက်ရွံ့နေမိသည်။

ရုံသည် သူ့ကို သတိရနေမိရင်း၊ ရင်တွေ ဖိုနေမိရင်း၊ ကြောက်ရွံ့စိတ်များ ဝင်လာမိရင်းက မိုးစင်စင်လင်းခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

## စွဲလမ်းဝိညာဉ်

ညဘက်တွေ့ပြီးနောက်ပိုင်းတွင် သူ့ကို အိပ်မက်လည်း မမက်တော့။ ။ အပြင်မှာလည်း ထပ်မတွေ့ရတော့ချေ။

ရှုံသည် အရူးမလေးတစ်ယောက်လို သူ့ကို အိပ်မက်ပေးဖို့ ညစဉ် အိပ်ရာဝင်တိုင်း ဆုတောင်းနေမိသည်။

တစ်ခါမှ ချစ်သူရည်းစား မထားဖူးတာမို့ သူ့ကို အရူး



www.burmeseclassic.com

www.burmeseclassic.com



အမှူး စွဲလမ်းနေမိပြီ ထင်တယ်။

ရှုံသည် ဒေါ်ဒေါ်ရှေ့မှာ မူမပျက်အောင် သတိထားနေရင်း အလုပ်ထဲ စိတ်နှစ်ထားရသည်။

"ရှုံရေ. . . အိပ်ရာခင်းတွေ လျှော်ရအောင်၊ အပေါ်မှာ သွားယူချေကွယ်၊ အိပ်ရာခင်းတွေကိုတော့ အဝတ်လျှော်စက်နဲ့ လျှော်၊ သီလား ရှုံ၊ လက်နဲ့ လျှော်ရင် ပင်ပန်းတယ်"

ဒေါ်ဒေါ်က တစ်ချို့အဝတ်အစားတွေဆို စက်နဲ့လျှော်တာ မကြိုက်၊ မစင်မှာ အရောင်ကူးမှာ ပျက်စီးမှာစိုး၍ဖြစ်သည်။

"ဟုတ်ကဲ့. . . ဒေါ်ဒေါ်"

ရှုံသည် အိပ်ရာခင်းတွေ ယူဖို့ အပေါ်သို့ တက်လာမိသည်။ အရင်တုန်းကဆို အိမ်ကြီးက ကြီးမားကျယ်ဝန်းတာမို့ အပေါ်ထပ်ဆို တစ်ယောက်တည်း မတက်ရဲ။

ခုတော့ ရှုံက အိမ်ကြီးကို ရင်းနှီးယဉ်ပါးလာခဲ့ပြီဖြစ်သည်။

ရှုံသည် ဘဘအခန်းနှင့် အစ်ကိုကြီးမင်းထက်သာ အခန်းက အိပ်ရာခင်းတွေကို အရင်ယူပြီးမှ ဒေါ်ဒေါ်နှင့် သူနေသောအခန်းကို ဝင်လာခဲ့သည်။

အိပ်ရာပေါ်မှ မည်းမည်းခြောက်ခြောက် လူခြောက်ကလေးကို အရင်လောက် မကြောက်တော့ဘဲ တစိမ့်စိမ့်ကြည့်ကာ သနားနေမိသည်။ အိပ်ရာခင်းကို ယူဖို့ပြင်တော့ ရှုံ့အခက်တွေ့နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုံသည် သူ့ရဲ့ဘဝမှန်ဖြစ်သော ဝိညာဉ်အဖြစ်ကို သတိရကာ လူခြောက်ကလေးကို မထိရဲတော့ဘဲ၊ ရင်တဒိတ်ဒိတ် ဖြစ်လာသည်။

တစ်တောင်ခန့် ကလေးအရိုးစုကလေးကို မကိုင်ရဲ၍ အသည်းတယားယား ဖြစ်လာသည်။

ဒေါ်ဒေါ့်ကိုခေါ်ကာ အိပ်ရာပေါ်က လူခြောက်ကလေးကို ဖယ်ပေးခိုင်းဖို့ကျတော့လည်း အားနာနေမိပြန်သည်။

နောက်ဆုံးတွင် ရှုံ အံကို ကြိတ်ပြီး စိတ်ကိုတင်းကာ သူ့ကို အဝတ်နှင့် အုပ်ကိုင်၍ ဒေါ်ဒေါ့်မှန်တင်ခုံပေါ် ခဏတင် လိုက်သည်။

မှန်တင်ခုံပေါ် တင်လိုက်ပြီးတာနှင့် ထုပ်ထားသော အဝတ်စကို ဖယ်ပေးလိုက်သည်။ သူမွှန်းကျပ်သွားမှာကို စိတ် ထဲမှ စိုးရိမ်နေမိသည်။

သူ့ကို အဝတ်နှင့် အုပ်ကိုင်တုန်းကတော့ သစ်ကိုင်း ခြောက်ကလေး ကိုင်မိသလို စိတ်ထဲထင်မိသည်။

ရှုံသည် ဆံပင်မပါသော မျက်ခွံပိတ်ကလေးနှင့် ပါးစပ် ဟောင်းလောင်းလေး ပွင့်နေသော လူခြောက်ကလေးကို ကြာ ကြာမကြည့်ရဲ။

ရှုံ တွေ့ဖူးသော ချောမွေ့ထွားကျိုင်းလွန်းသော ကိုမိုး ထက်နှင့် ဘယ်လိုမှ အပ်စပ်လို့ မရချေ။

လူခြောက်ကလေးကို မကြည့်ရဲရဲနှင့် ကြည့်နေမိရာမှ ကြက်သီးများ ဖြန်းခနဲ ထလာခဲ့လျှင် ဆက်မကြည့်ရဲတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင် မြန်မြန်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ရှုံ ခဏနေပါဦး"

ရှုံသည် ဆတ်ခနဲ တောင့်မတ်သွားရသည်။

အသံ. .။ သူ့အသံ. .။

သူ့အသံမှ. . သူ့အသံစစ်စစ်။

လူခြောက်ကလေးဆီမှ ထွက်လာသော သူ့အသံစစ်စစ် ဖြစ်ပါသည်။

"ကျွန်တော် ရှုံနဲ့ စကားပြောချင်တယ်"

သေချာသွားပါပြီ။

ဟောင်းလောင်းပွင့်လျက်ရှိသော ပါးစပ်သေးသေးက လေးထဲမှ အသံထွက်ပေါ်လာလျှင် ရှုံသည် ကြက်သီးမွေးညင်း များ ထောင်ထကာ နောက်ကို မြန်မြန်ဆုပ်လိုက်မိသည်။

"ကျွန်တော့်ကို မကြောက်ပါနဲ့ ရှုံရယ်၊ ကျေးဇူးပြုပြီး ရှုံ မျက်လုံးပိတ်လိုက်ပါ"

ကြောက်နေမိသော်လည်း သူ့ကို မတွေ့ရတာ ကြာပြီမို့ သူပြောသည့်အတိုင်း မျက်လုံးများကို ညင်သာစွာ မှိတ်လိုက်မိ သည်။

ၡ ၡ ၡ ၡ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ မှိတ်လိုက်ပြီးလျှင် ရုံ့စိတ်အာရုံထဲ မှောင်ပိန်းလျက် ရှိနေသော်လည်း ခဏကြာလျှင် ဖြည်းဖြည်းချင်း ကြည်လင်သောအလင်းတန်းများကို မြင်လာရသည်။

သူ့ကို ပီပြင်စွာ မြင်တွေ့လိုက်ရလေလျှင် ရုံ အတော်ပျော်သွားသည်။

သူ့ကို မတွေ့ရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။

သူက ဒေါ်ဒေါ့်မှန်တင်ခုံပေါ်မှာ ခြေဆင်းထိုင်နေသည်။

"ကျွန်တော် ရုံ့ကို အရမ်းသတိရတယ်"

"သတိရရင် ရုံ့ဆီလာပေါ့။ ဘာလို့ မလာတာလဲ"

"ရုံ့မေမေက တဲတံခါးကို သော့ခတ်ထားပြီးတော့ ရုံဖြင့် ထွက်လို့မရဘဲနဲ့များ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း အိပ်မက်တော့ ပေးပေါ့၊ ရုံ ညတိုင်း အိပ်မက်ပေးဖို့ ဆုတောင်းတာ မသိဘူးလား"

ရုံက ကလေးဆန်ဆန် ရန်တွေ့သလို ပြောမိလျှင် သူက ဟက်ဟက်ပက်ပက် ရယ်ပါသည်။

"ကျွန်တော် အလုပ်တွေ အရမ်းရှုပ်နေလို့ပါ ရုံရယ်"

ရုံက သူ့စကားကို နားမလည်နိုင် ဖြစ်သွားရသည်။

"ကိုမိုးထက်က ဘာအလုပ်တွေ ရှိလို့လဲ"

ရုံက နားမလည်နိုင်စွာ မေးလိုက်လျှင် သူ့မျက်နှာမှာ နည်းနည်းတည်သွားပြီး. . .

"ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ဘဝ ကျွန်တော်တို့လောကရဲ့ တာဝန်ဝတ္တရားတွေ ရှိတာပေါ့ ရုံရယ်၊ ရုံတို့လူတွေမှ အလုပ်ရှိတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့မှာလည်း အလုပ်တွေ ရှိတာပေါ့"

"ဟိုလေ. . . နားလည်အောင် နည်းနည်းလောက် ရှင်းပြပါလားဟင်၊ ရုံ စိတ်ဝင်စားလို့ပါ"

"ဒီလိုလေ. . သူတော်ကောင်းဖြစ်ပြီး ကောင်းမှုကုသိုလ်ပြုချင်လို့ ငွေရေးကြေးရေး အဆင်မပြေတဲ့သူမျိုး၊ အဲ့လိုလူမျိုးကို ကျွန်တော်တို့က သာသနာ့အကျိုးအတွက် ရည်စူးပြီး ကူညီပံ့ပိုးပေးရတယ်၊ တစ်ခုတော့ ရှိတာပေါ့. . ၊ သူတို့ဟာ ကျွန်တော်နဲ့ သံသရာမှာ ရေစက်ရှိခဲ့ဖူးတဲ့သူ ဖြစ်ရမှာပေါ့. . .

နောက်ပြီး တချို့တွေကျတော့ နာနာဘာဝ၊ ဆဲရဲ ဘီလူး အဲဒီဘဝတွေက ကျွတ်လွတ်ချင်ရဲ့နဲ့ မကျွတ်လွတ်နိုင်ကြတဲ့သူ

www.burmeseclassic.com



တွေရှိတယ်၊ သူတို့ရဲ့ဘဝပေါင်းက မိသားစုကလည်း ကျွတ်လွတ်အောင် လုပ်ပေးချင်ပေမယ့် မလုပ်ပေးနိုင်ကြတာမျိုးလည်း ရှိတယ်၊ အဲ့ဒီလိုလူမျိုးတွေကိုလည်း ကျွန်တော်က ကြားထဲက ဖိုပိုးပေးရတယ်၊ တစ်ဘက်ကလည်း လှူဒါန်းပေးနိုင်အောင် ဖိုပိုးပေးရတယ်၊ တစ်ဘက်ကိုလည်းသိအောင် ဆက်သွယ်ပေးရတယ်”

ရုံသည် သူရှင်းပြမှပင် သူတို့တာဝန်များမှာ ဘယ်လောက်ကြီးလေးမြင့်မြတ်လှကြောင်းသိကာ သူ့ကို ခုနကရန်တွေ့မိတာ သတိရသွားသည်။

“ရုံ့ကို ခွင့်လွှတ်ပါနော်၊ ရုံ ခုနက မသိလို့ ပြောမိတာ၊ တောင်းပန်ပါတယ်”

“တောင်းပန်စရာ မလိုပါဘူး ရုံရယ်၊ ကျွန်တော်ကသည်း ရုံ့ကို သိပ်တွေ့ချင်နေတာပါ၊ ကျွန်တော် ရုံ့ဆီက အဖြေရသေးဘူးလေ”

ရုံသည် ဘာပြန်ပြောရမလဲ မသိ။

မဖြစ်နိုင်ကြောင်းကိုလည်း ပြောပြခဲ့ပြီးပြီ။

သူလည်း မသိမဟုတ် သိရက်နဲ့ပင်။

သို့သော် သူ့ရဲ့စိမ်းညို့နေသောအကြည့်များရဲ့ ညှို့ငင်မှုကိုတော့ မလွန်ဆန်နိုင်ခဲ့။

“ရုံ. . . ရုံလေ. . သူ့ကို ချစ်ပါတယ်၊ ဒါပေမယ့်”

“ဒါပေ. . မ,မယ့်နဲ့တော့ ရုံ”

သူ့မျက်နှာမှာ အတော်ဝမ်းသာကြည်နူးသွားပုံရပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်တော့ ရှုံလည်း သူ့ကို မတွေ့ရမနေနိုင်အောင် စွဲလမ်းကာ ချစ်မြတ်နိုးလို့ နေမိပြီပဲ။

"ကျွန်တော် ဘယ်မိန်းကလေးကိုမှ ရှုံ့လိုမျိုး စိတ်မဝင်စားခဲ့ဖူးဘူး၊ ရှုံ့ကိုတော့ မြင်မြင်ချင်း မေတ္တာရှိသွားမိတာ ယုံပါ"

သူ့ကို တည်ကြည်သော သူတစ်ယောက်အဖြစ် ရှုံ မြင်တွေ့ဖူးထားပြီမို့ ယုံပါသည်။ သို့သော်. . .

"ရှုံက ကျွန်တော်နဲ့ ဘဝချင်းမတူလို့ ကြောက်နေတယ် မဟုတ်လား. .၊ မကြောက်ပါနဲ့ ဘဝချင်း မတူပေမယ့် ရှုံနဲ့ကျွန်တော် ပေါင်းဖက်လို့ ရပါတယ်၊ ကျွန်တော် ကြိုးစားမှာပါ၊ ကျွန်တော်ရောက်နေတဲ့ ဘုံဘဝက အကြီးအကဲတွေဆီမှာ ခွင့်တောင်းပြီးရင် ကျွန်တော် ရှုံနဲ့ ပေါင်းဖက်နိုင်အောင် ကြိုးစားပါ့မယ်၊ ကျွန်တော့်မေတ္တာကို ယုံပါ"

"ရှုံရေ. . . ဆင်းခဲ့တော့လေ၊ အပေါ်မှာ ဘာလုပ်နေတာလဲ၊ ကြာလှပြီ"

အောက်ထပ်မှ ဒေါ်ဒေါ့ခေါ်သံကြားလိုက်ရလျှင် ရှုံ လန့်ဖျပ်ပြီး မျက်လုံးများဖွင့်လိုက်မိသည်။

မှန်တင်ခုံပေါ် တင်ထားသော လူခြောက်ကလေးရဲ့ ပါးစပ်ပေါက်မှာ လှုပ်စိလှုပ်စိ ဖြစ်နေသလို မြင်ရသဖြင့် ရှုံသည် ကျောထဲချမ်းစိမ့်သွားရသည်။

"ဟုတ်ကဲ့. . . လာပါပြီ ဒေါ်ဒေါ်"

ရှုံ ကမန်းကတန်း အောက်ထပ်ကို ပြေးဆင်းမိသည်။

ဒေါ်ဒေါ့်ရှေ့ရောက်လျှင် ရှုံသည် မျက်နှာထူပူကာ အ

www.burmeseclassic.com

www.burmeseclassic.com



နေရခက်နေမိသည်။

ဒေါ်ဒေါ့်ကို ရင်မဆိုင်ရဲ။

သူ ဖူးဖူးမှုတ် ချစ်ရသော သားအငယ်နှင့်ရုံ ချစ်သူဖြစ်နေတာ သိသွားလျှင် ဘာများပြောမလဲ မသိ။

ရုံ့ကို အပြစ်တင်မှာ သေချာပါသည်။

ဒေါ်ဒေါ်က ရုံ့ကို အမိပ္ပါယ်အပြည့်ပါသော မျက်လုံးများဖြင့် ကြည့်လျှင် ရုံသည် ခေါင်းငုံ့ကာ ဒေါ်ဒေါ့်ရှေ့မှ မြန်မြန်ထွက်လာခဲ့မိသည်။

၆ ၆ ၆ ၆

www.burmeseclassic.com

www.burmeseclassic.com

## "မေမေ"

သားငယ်လေးရဲ့ခေါ်သံမှာ အရင်နှင့်မတူ၊ နွဲ့ချို၍ ခေါ်သံမျိုးမဟုတ်။ လေးနက်တည်ကြည်လို့နေသဖြင့် ကိစ္စတစ်ခုခုတော့ ထူးပြီဟု ဒေါ်မီမီကျော် ထင်လိုက်မိသည်။

"မေမေ့ကို သားပြောစရာရှိတယ်"

သားငယ်လေး အလေးအနက် ပြောတော့မှာမှန်း သိသဖြင့် ဒေါ်မီမီကျော် အရင်လို မကျီစယ်ဖြစ်။

"ပြောလေ သား"

သားလေးက ဖြေဖို့ ခဏအချိန်ယူနေသေးသည်။

"သားမှာ ရည်ငံတဲ့သူ ရှိနေပြီ မေမေ"

"ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



သားနှုတ်ခမ်းမှ ခုလိုစကားမျိုး တစ်ခါမှ မကြားဖူးခဲ့။

"ဘယ်သူနဲ့လဲ . . ဘယ်ကလဲ သား"

ဒေါ်မီမီကျော် အလောတကြီး မေးလိုက်မိသည်။

"မေမေ . . သူက ဆင်းရဲပါတယ်၊ ဒါပေမယ့် စိတ်ထားဖြူစင်တယ်၊ ရိုးသားတယ် သားအပေါ်လည်း တကယ်မေတ္တာစစ်နဲ့ ချစ်ရှာတာပါ။ သားရဲ့ဥစ္စာပစ္စည်းကို မက်မောလို့ မဟုတ်ပါဘူး၊ သူက မေမေနဲ့ အနီးဆုံးမှာ ရှိတဲ့သူပါ"

ဒေါ်မီမီကျော် သိလိုက်ပါပြီ။

"မြစိမ်းရုံ"

"ဟုတ်ပါတယ် မေမေ . . . မြစိမ်းရုံပါ၊ အဲ့ဒါ . . မေမေ့သဘောထားကို သားသိချင်တယ်၊ မေမေ သဘောတူလိမ့်မယ်လို့ သားထင်ပါတယ် . .၊ မြစိမ်းရုံရဲ့ စိတ်နေသဘောထားကို မေမေသိပြီးသားပဲ"

သားက အပိုင်ချည်၍ပြောနေချေပြီ။

မွေးကတည်းက ကောင်းကျိုးချမ်းသာ ပေးခဲ့သော သားလေး။ သားလေးကို စိတ်ချမ်းသာစေချင်သည်။

သားလေးလိုချင်တာ မှန်သမျှ နှစ်ခွန်းမပူဆာခဲ့ရ . .။

"သားရယ် . . မေမေ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ ပြောရမှာလဲ အတော်ခက်တယ်၊ မေမေ အဆင့်အတန်းမခွဲခြားတတ်ပါဘူးကွယ်၊ မြစိမ်းရုံက ဆင်းရဲပေမယ့် ရုပ်ချည်လေးရော စိတ်ထားလေးပါ အပြစ်ဆိုစရာ မရှိဘူး၊ မအေမုဆိုးမကြီးနဲ့ နှစ်ယောက်တည်းနေတာဆိုတော့ နောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲရှင်းတယ်၊ မစိမ်းမြကလည်း သဘောကောင်းပါတယ်၊ လူတစ်ဖက်သားကို သိပ်ကူညီတတ်တယ်"

သားငယ်လေးက ငြိမ်ပြီးနားထောင်နေသည်။

ဒေါ်မိမိကျော်က သက်ပြင်းကိုရှိုက်လိုက်ကာ. . .

"သားရယ်. . . သားတို့ချင်း နီးစပ်ဖို့က လွယ်ပါ့မလား၊ ဘဝချင်းက ခြားနေတယ်လေ သား၊ မေမေ ရင်လေးလိုက်တာ"

သားငယ်လေးက အမေကို အားပေးသလို ပြုံးပြရင်း. .

"စိတ်မပူပါနဲ့ မေမေ"

"သားလေးရဲ့ဝိညာဉ်ဘဝကို အသုံးချမယ့်သူနဲ့ တွေ့မှာကို မေမေစိတ်ပူခဲ့တယ်၊ သားအပေါ် သစ္စာမရှိမယ့် မိန်းကလေးမျိုးနဲ့ တွေ့မှာလည်း မေမေစိုးရိမ်ခဲ့တယ်. . .၊

မြစိမ်းရုံတို့ သားအမိကတော့ ဆင်းရဲပေမယ့် ဒီလိုလုပ်မယ့်သူမျိုး မဟုတ်လောက်ပါဘူးလေ၊ မြစိမ်းရုံကလည်း အနေအထိုင် တည်ကြည်မယ့်ပုံပါ"

"ဒါဆို မေမေ သဘောတူတယ်ပေါ့"

သားက ရွှင်ပျစွာ လှမ်းမေးနေသည်။

ပြုံးရွှင်ကြည်လင်သော သားမျက်နှာလေးကို မညှိုးစေရက်။ သားအလိုကျ စိတ်တိုင်းကျ ဖြည့်ဆည်းပေးရဦးတော့မှာပေါ့. . .။

ဒေါ်မိမိကျော်က သားကို ခေါင်းညိတ်ပြလိုက်သည်။

"ဟေး. . . ဒါမှ တို့မေမေကွ"

သားက ကလေးငယ်တစ်ယောက်လိုပြေးလာပြီး မအေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ပါးကို တရှတ်ရှတ် နမ်းနေတော့သည်။

"သွားပါ. . . ရည်းစားစော်နံတယ်၊ အစ်ကိုလုပ်တဲ့သူက ဖြင့် ခတ်အေးအေးနေတုန်း သူက ရည်းစားရှိနေပြီ၊ သွား. . . မအေကို လာမနမ်းနဲ့၊ နောက်ဆို မအေကို နမ်းဖော်ရတော့မှာ မဟုတ်ဘူး"

သားငယ်လေးကိုနှမြောစိတ်ဖြင့် ဒေါ်မီမီကျော် တကယ်ပဲ မျက်ရည်တွေဝဲနေမိသည်။

"ဘာဖြစ်လို့ မနမ်းရမှာလဲ၊ အမြဲနမ်းမှာ. . . အမြဲနမ်းမှာ၊ တလောကလုံးမှာ မေမေ့ကို သားအချစ်ဆုံး"

အဲ့လိုချွဲပြန်တော့လည်း ဒေါ်မီမီကျော် ကြွေရပြန်ချေသည်။

"ဪ. . . မေမေ၊ ဖေဖေ့ကိုလည်း ပြောပေးဦးနော်၊ ပြီးရင် ရှုံ့အမေကိုလည်း သွားပြောပေးဦး"

ဒေါ်မီမီကျော် အထိတ်တလန့် ဖြစ်ရပြန်သည်။

"ဟယ်. . . သားရယ်၊ ခုပဲ သွားမြန်းရတော့မှာလား၊ မမြန်လွန်းဘူးလား"

သားက ရယ်နေသည်။

"သားပြောတာက လူကြီးမိဘ အုပ်ထိန်းသူကို ခွင့်တောင်းဖို့ ပြောနေတာပါ မေမေရဲ့၊ မြန်းတာတွေ လက်ထပ်တာတွေက လူတွေလုပ်တဲ့ထုံးစံပါ. . .၊

သားတို့အတွက်ကတော့ လက်ထပ်တာနဲ့ လက်မထပ်တာဟာ ဘာမှမကွာခြားပါဘူး၊ သားတို့က ရုပ်ရှင်ထဲ အကောင်

www.burmeseclassic.com

www.burmeseclassic.com



အထည်ရယ်လို့မှ ချပြလို့မရတဲ့ ဝိညာဉ်ဘဝပဲလေ၊

သားကို တကယ်မေတ္တာစစ်နဲ့ ချစ်တဲ့မိန်းကလေးနဲ့ ဆုံရတာပဲ သားတော်တော် ကံကောင်းတယ် ထင်ပါတယ်”

ဒေါ်မိမိကျော်သည် သက်ပြင်းမောကြီး ချလိုက်စဉ် . . ညင်သာစွာ အိပ်ငိုက်နေရာမှ နိုးလာခဲ့သည်။

သားလေးက ချစ်သူရှိနေပြီတဲ့။

မိဘတို့ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပေးရဦးမည်။

သားရယ် . . ဘာလို့များ ကိုယ့်လောကသားထဲက ဘဝတူ မိန်းကလေးနဲ့ မနှစ်သက်ဘဲ လူ့လောကထဲက မိန်းကလေးနဲ့မှ ဖူးစာလာဆုံရသလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

# ဝိညာဉ်သတ်ိုသား

**ဒေါ်**စိမ်းမြသည် နေအိမ်တဲစုတ်လေးရှေ့သို့ ကားအာ ကောင်းစားကြီး ရပ်လာလျှင် တအံ့တသြ ဖြစ်သွားရသည်။ ကားပေါ်မှ ဆင်းလာသူများကို တွေ့လိုက်ရလျှင် ပိုအံ့သြသွား ရသည်။

"သမီးရေ. . . ထွက်လာပါဦးဟဲ့၊ ဒေါ်မိမိကျော့တို့ လာ နေတယ်၊ ညည်း ဒီနေ့ အလုပ်မသွားလို့များ လိုက်လာသလား

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး"

ရုံ့မျက်နှာမှာ မလုံမလဲ ဖြစ်နေသည်။

"ညည်းမျက်နှာက ဘာဖြစ်နေတာလဲ ရှိုးတိုးရှန့်တန့်နဲ့၊ ညည်း ဘာအပြစ်လုပ်ထားလို့လဲ"

"အမေကလဲ. . . ဘာအပြစ်မှ မလုပ်ထားပါဘူး"

"မလုပ်ထားရင် သွားကြိုချေ"

"အမေပါ လိုက်ခဲ့"

ဒေါ်စိမ်းမြက နောက်မှနေ ရုံ့ခါးကို မသိမသာ လိမ်ဆွဲရင်း လိုက်လာသည်။

"မဖိတ်ဘဲ လာပြီနော် အစ်မစိမ်းမြရေ"

"ကြော်. . ဟုတ်ကဲ့. . လာပါရှင့်၊ ကြိုပြောမထားတော့ ဘာနဲ့ဧည့်ခံရမလဲတောင် မသိဘူး၊ ဦးခန့်အောင်ပါ ပါလာတာ ကိုး"

"ပါရတာပေါ့ဗျာ"

ဒေါ်မီမီကျော်တို့ တဲအိမ်ပေါ် ရောက်သည်အထိ ဒေါ်စိမ်းမြမှာ ဘာမှနားမလည်သေး။

"သမီးရေ. . . လက်ဖက်ခြောက်နဲ့ ရေနွေးကြမ်းလေး လုပ်ပါဦး၊ ဘာမှလည်း ဧည့်ခံစရာမရှိဘူး အစ်မရယ်. . အားနာလိုက်တာ"

"အားနာစရာ မလိုပါဘူး မစိမ်းမြရယ်၊ ဘာမှဧည့်ခံစရာ မလိုပါဘူး. . . လူရင်းတွေပဲဟာ"

"ဟို. . . ဘာကိစ္စများရှိလို့လဲ မသိဘူးနော်၊ ကျွန်မ ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးရမလဲပြောပါ”

“ကိစ္စကတော့ သားရေးသမီးရေးကိစ္စပါပဲ မစိမ်းမြရေ မစိမ်းမြရဲ့သမီးကလေးကို ကျွန်မတို့သမီးလေးအဖြစ် ပေးဖို့ပါပဲ”

“ရှင်. . .”

ဒေါ်စိမ်းမြမှာ မျက်လုံးပြူးမျက်ဆံပြူးကာ အံ့သြတကြီး ဖြစ်သွားရသည်။ အမှန်အတိုင်းဝန်ခံရလျှင် သူတို့အဆင့်အတန်းနှင့် မိမိတို့မှာ မိုးနဲ့မြေလို ကွာခြားလှသည် မဟုတ်ပါလား။

ပြီးတော့ သူတို့သားကြီး မင်းထက်သာဆိုသော သူဌေးသားကလေးကို ကားအကောင်းစားကြီးပေါ်မှာ ထိုင်မောင်းသွားတာ တစ်ခါတစ်ရံ မြင်ဖူးပါသည်။

သားရေးသမီးရေးကိစ္စဆိုသော်လည်း သူတို့သား မင်းထက်သာမှာ ပါလာတာ မတွေ့ရ။

“ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မတို့သားငယ် မိုးထက်နဲ့ မစိမ်းမြရဲ့သမီးကလေး မြစိမ်းရုံတို့ဟာ လူငယ်တို့သဘာဝ ရည်ငံနေကြပါတယ်. . .

အဲဒါ. . ကျွန်မတို့က မိဘတို့ဝတ္တရားရှိတဲ့အတိုင်း လာရောက်တောင်းရမ်းတာပါ။ အစ်မစိမ်းမြကသာ လက်ခံသဘောတူမယ်ဆိုရင် အစစအရာရာ အစ်မစိမ်းမြ သဘောအတိုင်း ဖြစ်စေရပါမယ်၊

မြစိမ်းရုံကိုလည်း သမီးကလေးအရင်းလို သဘောထားမှာပါ. . စိတ်ချပါ”

ဒေါ်စိမ်းမြက ဒေါ်မီမီကျော်ပြောသမျှ နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ. . .

"ကျွန်မသိတာ အစ်မတို့မှာ သားကလေးတစ်ယောက် တည်း မဟုတ်လားဟင်"

ဒေါ်မီမီကျော်နှင့် ဦးခန့်အောင်တို့မျက်နှာမှာ မသိမသာ ပျက်ယွင်းသွားသည်။

"ကျွန်မတို့မှာ သားနှစ်ယောက် ရှိတာပါ၊ သားအငယ် လေး ပါလာပါတယ်"

ဒေါ်မီမီကျော်က ဒေါ်စိမ်းမြကိုလက်တွင်ကိုင်ထားသော ခြင်းကလေးကို အသာလှပ်ပြလိုက်သည်။

ဒေါ်စိမ်းမြ တွေ့လိုက်ရသည်က. . . မည်းမည်းခြောက် ခြောက် လူခြောက်ကလေး. . .။

ဒေါ်စိမ်းမြသည် မျက်လုံးများ ပြာဝေသွားခဲ့လေသည်။

"ကျွန်မ. . ကျွန်မသမီးနဲ့ ရည်ငံနေတယ်ဆိုတာ. . သူ သူလား. ."

"ဟုတ်ပါတယ်. . . မြစိမ်းရုံနဲ့ ရည်ငံနေတယ်ဆိုတာ ဟောဒီက သားငယ်လေးပါပဲ၊ သားငယ်လေးက မွေးကတည်း က အသက်ပါမလာခဲ့ဘူး၊ ဒါပေမယ့် သူ့ရုပ်ခန္ဓာကလည်း ပုပ် သိုးမသွားခဲ့တာနဲ့ ကျွန်မက အမြတ်တနိုး သိမ်းဆည်းထားမိ တာပါ၊ သားငယ်လေးမှာ ဝိညာဉ်ရှိပါတယ်၊ သူက အိပ်မက်နဲ့ အမြဲဆက်သွယ်တတ်တယ်၊ ကောင်းကျိုးပေးတဲ့ ကလေးပါရှင်၊ မြစိမ်းရုံဘဝအတွက် စိတ်ချပါ"

"အားတော့ နာပါတယ် အစ်မရယ်၊ ဘယ်လိုမှ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးရှင်၊ ကျွန်မ ဘယ်လိုပြောရမလဲတောင် မသိတော့ဘူး၊ သူ. . သူက အသက်မှမရှိတော့ဘဲ၊ ကျွန်မသမီးနဲ့ ဘယ်လို ပေါင်းလို့ရမှာလဲ”

ဒေါ်စိမ်းမြသည် အားနာသော်လည်း ခုရှုပ်မှ နောင်ရှင်း မှာမို့ စိတ်ထဲရှိတဲ့အတိုင်း သွယ်ဝိုက်မနေတော့ဘဲ ပွင့်ပွင့်လင်း လင်း ပြောလိုက်တော့သည်။

“ကျွန်မသားလေးကို နားချကြည့်ပါသေးတယ်၊ ဘဝချင်း က မတူပါဘူးဆိုတာကို ဖြစ်နိုင်အောင် သူကြိုးစားပါ့မယ်တဲ့၊ သူက မေတ္တာချင်းပေါင်းဖက်ရုံနဲ့ ကျေနပ်နိုင်တဲ့လူစားမျိုးလေ၊

ကဲ. . သမီးရဲ့သဘောထားကိုလည်း မေးမြန်းကြည့်ဦး ပေါ့၊ မစိမ်းမြလည်း သမီးရှင်ဆိုတော့ သေချာစဉ်းစားပါဦး၊ နောက်တစ်ပတ်လောက်နေရင် ကျွန်မတို့ အကျိုးအကြောင်း သိရအောင် လူလွှတ်လိုက်ပါ့မယ်၊ ဝမ်းသာစရာစကားပဲ ကြား ချင်ပါတယ်ရှင်၊ ကျွန်မတို့ ပိုင်ဆိုင်သမျှက ဒီသားနှစ်ယောက်ပဲ အမွေဆက်ခံစရာ ရှိတာမို့လို့ပါ”

ဒေါ်မီမီကျော်က မက်လုံးလေးနှင့် စကားအဆုံးသတ် သွားတော့ ဒေါ်စိမ်းမြမှာ ဘာမှပြန်မပြောနိုင်တော့ဘဲ ရေငုံ နှုတ်ပိတ် ကျန်ရစ်ခဲ့ရသည်။

ဒေါ်မီမီကျော်တို့ပြန်မှ သမီးကို တိုးတိုးတိတ်တိတ်ကြိတ် မေးရတော့သည်။

“လာစမ်းပါဦး. . ညည်းက သူတို့လာမယ်ဆိုတာ ငါ့ကို ဘာလို့ကြိုမပြောသလဲ”

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းရုံက ခေါင်းကြီး ငုံ့ကာနေသည်။

"အမေ့ကို မပြောရဲလို့"

"ညည်းအေ. . . သားအမိချင်း ဆိုးတိုင်ပင် ကောင်းတိုင်ပင် ကြိုပြောထားပါတော့လား၊ ငါ့မှာ အခုတော့ အရှူးမကြီးကျ နေတာပဲ၊ သူတို့ပြောမှ သိရတာ"

မြစိမ်းရုံက ခုချိန်မှ ဒေါ်စိမ်းမြ ဘာပြောပြော ငုံ့ခံတော့မည့်ပုံမျိုး လုပ်နေသည်။

"ညည်းနှယ်. . . ငါ့သမီးလေး တော်လှချေရဲ့ အောက်မေ့ပါတယ်၊ လူကြားမကောင်း သူကြားမကောင်း လူခြောက်နဲ့မှ ရည်းစားသနာ ဖြစ်ရတယ်လို့"

"အဲ့လိုမပြောပါနဲ့ အမေရယ်. . ၊ သူ့ရုပ်အစစ်အမှန်က ဒီလိုရုပ်မျိုး မဟုတ်ရပါဘူး"

ရုံသည် သူ့ကို အမေနှိမ့်ချပြောဆိုတော့ မခံချင် ဖြစ်သွားမိသည်။

"အို. . . ညည်းက တွေ့ဖူးလို့လား"

"တွေ့ဖူးတာပေါ့ အမေရယ်၊ တွေ့ဖူးလို့လည်း သမီးနဲ့သူ ခုလို ချစ်သူတွေ ဖြစ်ခဲ့ကြတာပေါ့၊ ဟိုတစ်ညက သမီး တဲအပြင်ကို ညဘက်ကြီး ဆင်းနေတာ အမေမှတ်မိသေးလား၊ အဲ့ဒီတုန်းက သူနဲ့တွေ့နေတာပေါ့၊ သူက တွေ့စေချင်တယ်ဆိုရင် သူ့ကို တွေ့နိုင်တယ်"

"အို. . . ဘာပဲဖြစ်ဖြစ် ညည်းတို့ဟာက အဆင်ပြေမယ် မရှိတာအေ. . . မဖြစ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမေ့ဆီမှ ယတိပြတ်စကားကို ကြားရလျှင် ရုံသည် ဝမ်းနည်းအားငယ်သွားရပြီး မျက်ရည်များ ချက်ချင်းဝဲတက်လာတော့သည်။

"သမီး. . . သမီး သူ့ကို တကယ်ချစ်မိနေပြီ အမေ၊ သူကလည်း သမီးကို တကယ်ချစ်တာ သမီးယုံတယ်၊ သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့နော် အမေရယ်"

ရုံက အသံတုန်တုန်ကလေးဖြင့် အမေ့ကို တောင်းပန်နေမိသည်။

အမေက မျက်ရည်များ ဝဲကာနေသော ရုံကို တစ်ချက် လှည့်ကြည့်ပြီး. . .

"စိတ်ရှုပ်လိုက်တာအေ ဘယ်လိုစဉ်းစားရမလဲတောင် မသိတော့ဘူး"

အမေက စိတ်မသက်မသာဖြင့်ညည်းကာ ရုံ့အနားမှ ထွက်သွားတော့သည်။

ꩤ ꩤ ꩤ ꩤ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းမြသည် မစားနိုင် မအိပ်နိုင်ဖြင့် တမှိုင်မှိုင်တတွေတွေ ဖြစ်နေသော သမီးကိုကြည့်ပြီး စိတ်မချမ်းသာနိုင်။

သမီးကိုလည်း စိတ်ချမ်းသာစေချင်သည်။ သို့သော် လူခြောက်နှင့် လက်ထပ်မည့်အဖြစ်ကိုလည်း လုံးဝလက်မခံနိုင်။

ကိုယ့်သမီးရုပ်ရည်ကလေးနှင့် ဝိညာဉ်လောက,ကလူနှင့်ပေးစားရမှာ မထိုက်တန်သလို ခံစားရသည်။

ဒါပေမယ့် ဒေါ်မီမီကျော်တို့ မိသားစုက သဘောထားပြည့်ဝကြသည်။ ဒေါ်မီမီကျော်ပြောသည့်အတိုင်း သမီးမြစိမ်းရဲ့ချမ်းချမ်းသာသာနေရမှာ ကောင်းစားမှာကိုလည်း ကြိုမြင်သည်။

ဘာပဲဖြစ်ဖြစ် မအေမို့ ကိုယ့်သမီး ချမ်းသာကောင်းစားတာကိုတော့ မြင်ချင်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းမြသည် ဘယ်လိုမှ ဆုံးဖြတ်ချက် မချနိုင်ဖြစ်နေသည့်အဆုံး သမီးကိုသာ ကြိမ်းမောင်းလိုက်မိသည်။

"ယောက်မမြင်းစီးထွက်တဲ့သမီး. .၊ ရှာရှာဖွေဖွေ လူခြောက်နဲ့မှ ကြိုက်ရတယ်လို့၊ ကြိုက်စရာ ဒီလောက်ရှားသလားအေ၊ တောက်. . ငါ့မှာ ဒင်းအတွက် စဉ်းစားရလွန်းလို့ ခေါင်းမီးတောက်နေပြီ"

နည်းနည်းလေး ကြိမ်းမောင်းလိုက်မိလျှင် ရုံက မျက်ရည်ကလေး ဝဲဝဲလာတော့သည်။

ဒေါ်စိမ်းမြသည် ဘာမှမစဉ်းစားနိုင်တော့ဘဲ ရုတ်တရက် ဆုံးဖြတ်ချက် ချလိုက်ရသည့် အဖြစ်အပျက်တစ်ခုကို သိပ်ကြာခင်မှာ ကြုံတွေ့ရလေတော့သည်။

ရုတ်တရက်ကြီး သိပ်အိပ်ချင်လာသောအခါ. .

"ထမင်းစားပြီးကတည်းက အိပ်ချင်လိုက်တာ၊ ဆူးပုတ်ချက်များ တို့မိလို့လား မသိပါဘူး"

ဒေါ်စိမ်းမြသည် ဟန်မဆောင်နိုင်၊ နေရာတွင်ပင် ပစ်လှဲချကာ တုံးခနဲ အိပ်ပျော်သွားတော့သည်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် ရုတ်တရက်ကြီး လေကြီးမိုးကြီးကျတော့မလို မှောင်ပိန်းသွားသော ဒေါ်စိမ်းမြမှာ တစ်ယောက်တည်း ချောက်ချားသွားမိသည်။

လေသံတွေ တဝေါဝေါ ထွက်ပေါ်လာလျှင် နားနှစ်ဘက်ကို လက်ဖြင့် တင်းတင်းပိတ်ထားမိသည်။ နားတွေ အူထွက်နေသလို ခံစားနေရသည်။

လေသံများ တဖြည်းဖြည်းချင်း ပြန်ငြိမ်သွားလျှင် အရိပ်မည်းကြီးများ လွှားခနဲ လွှားခနဲ ကိုယ့်မျက်စိရှေ့ ခုန်ဝင်လာတာတွေ့ရသောအခါ ဒေါ်စိမ်းမြ ကျောရိုးထဲ စိမ့်တက်လာသည်အထိ ကြောက်ရွံ့နေမိတော့သည်။

အရိပ်မည်းကြီးများမှာ ဘယ်လိုပုံသဏ္ဌာန်မှန်း ဖမ်းဆုပ်

www.burmeseclassic.com

www.burmeseclassic.com



မရသော အနေအထားမျိုး ဖြစ်သော်လည်း မိမိကိုကြည့်နေသော မျက်လုံးကြီးများမှာ ရဲရဲတောက်နေသည်။

ကျောရိုးတစ်လျှောက် စိမ့်စိမ့်တက်လာစေသည်အထိ ထိတ်လန့်စရာ ကောင်းလှတော့သည်။

ထိုစဉ် . . ချောက်ချားဖွယ်ကောင်းလွန်းသော မြင်ကွင်းထဲ ချောမောသန့်ပြန့်သော လူငယ်တစ်ယောက် ဝင်ရောက်လာသည်။

"ကျွန်တော် ဒေါ်မိမိကျော်ရဲ့သားအငယ် မိုးထက်သာပါခင်ဗျ"

ယဉ်ကျေးသိမ်မွေ့လှစွာ မိတ်ဆက်လာသော လူငယ်တလေးကိုကြည့်ပြီး ဒေါ်စိမ်းမြ အံ့ဩမှင်သက်နေမိသည်။

ဒါဆို သူဟာ လူခြောက်ကလေးရဲ့ ဝိညာဉ်ပေါ့ . ။

သမီးမြစိမ်းရှုရဲ့ ချစ်သူပေါ့ . ။

ခုလိုပုံစံမျိုးနဲ့သာဆို သမီးနဲ့ ဘာသဘောမတူစရာ ရှိသလဲ။ ဒီသူငယ်လေးဟာ သက်ရှိထင်ရှား လူတစ်ယောက်သာဆို ဘယ်လောက်ကောင်းလိုက်မလဲ။

ကံဆိုးရှာတဲ့ ကလေးပဲ။

"ကျွန်တော်နဲ့ ပတ်သက်တဲ့အကြောင်းတွေကိုတော့ မေမေနဲ့ ရှုံ့ဆီကနေ ဒေါ်လေးသိပြီးဖြစ်မှာပါ၊ ကျွန်တော်ကတော့ ဆုံးဖြတ်ထားပါတယ်"

ဒေါ်စိမ်းမြသည် မှင်သက်မိရင်း ထိုလူငယ်လေး ပြောသမျှကို နားစိုက်ထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလိုအနေအထားမျိုးနဲ့ မပေါင်းဖက်ရရင် ရုံ့ကို ကျွန်တော်နဲ့ ဘဝတူအောင် ကျွန်တော် ရုံ့ဝိညာဉ်ကို နှုတ်ယူရလိမ့်မယ်"

"ဘယ်လို"

ဒေါ်စိမ်းမြ အထိတ်တလန့် ဖြစ်သွားရသည်။

သူငယ်လေးရဲ့မျက်လုံးများမှာ စိမ်းလက် တောက်ပနေသည်။ ပြောသည့်အတိုင်း တကယ်မဖြစ်ဖြစ်အောင် လုပ်မည့်မျက်လုံးမျိုးပင်။

"ဟင့်အင်း . . အဲ့လို မလုပ်ရဘူး၊ အဲ့လိုမလုပ်ပါနဲ့ . . အဒေါ့်မှာ ဒီသမီးလေးတစ်ယောက်တည်း ရှိတာပါ"

"ဒါဆို ဒေါ်လေး စဉ်းစားပေါ့၊ ကျွန်တော်နဲ့ ရုံရဲ့ရေးရေးကို ဒေါ်လေး ဘယ်လိုစီစဉ်ပေးမှာလဲ"

ဒေါ်စိမ်းမြမှာ ပုံလျက်သား လဲကျတော့မတတ် ဖြစ်သွားရလေသည်။ အခြေအနေက ဆုပ်လည်းစူး၊ စားလည်းရူးအခြေအနေ။

သမီးကို အဆုံးရှုံးတော့ မခံနိုင်ပါ။

ဒေါ်စိမ်းမြမှာ ရွေးချယ်စရာ လမ်းမရှိတော့။

သက်ပြင်းကို ရှိုက်လိုက်ပြီး . . .

"မင်းတို့သဘောပါပဲကွယ်"

"ကျေးဇူးတင်ပါတယ်ဒေါ်လေး၊ ဒေါ်လေးကို ကျွန်တော် ကျေးဇူးဆပ်မှာပါ"

လူငယ်လေးက ပြုံးရွှင်လျက်ပြောရင်း ချက်ချင်းပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားတော့သည်။

ဒေါ်စိမ်းမြလည်း အိပ်ရာမှ ချက်ချင်းနိုးလာတော့သည်။

သို့သော် ခုနကလို အိပ်ငိုက်မနေတော့၊ လန်းဆန်း၍နေသည်။

လူငယ်လေးကို သမီးမြစိမ်းရုံနှင့် သဘောတူပါ့မယ်လို့ ကတိပေးလိုက်တာကိုတော့ အသေအချာ မှတ်မိနေသည်။

မတတ်နိုင်တော့ပြီ. . . သူတို့လေးတွေ ဖူးစာဆုံကြပါစေတော့. . ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၈)

# ကာကွယ်ပေးတဲ့ဝိညာဉ်ခင်ပွန်း

"**အ**ရှင်းကြီးပါအေ. . . ငွေမက်လို့ ယူတယ်ဆိုတာ အသိသာကြီးပါ၊ လူခြောက်နဲ့ပေါင်းရအောင် အရူးမှ မဟုတ်တာ"

ရုံ၏ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားရသည်။

ဒီနေ့ဟာ ရုံတို့ မင်္ဂလာဆောင်သည့်နေ့၊ မင်္ဂလာဆောင်သည်ဆိုသော်လည်း အကြီးအကျယ် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ရုံ့ဘက်မှ ဆွေမျိုးများပင်မပါ၊ သူ့ဆွေမျိုးအရင်းအချာ လောက်သာ. . ။

အခု သူ့ဆွေမျိုးတွေက အခုလို စောင်းပြောတာ ကြား လိုက်ရတော့ ရုံ့ အတော်ရှက်သွားရသည်။

“မမမိတို့ကလည်း လူခြောက်က အိပ်မက်ပေးတယ်ဆို တိုင်း လိုက်လုပ်တော့တာပဲ၊ နည်းနည်းမှ မစဉ်းစားဘူး၊ ဟိုက ရုပ်ကလေး ဗန်းပြပြီး ချူဆီထည့်တော့မှာ. .”

“ဟုတ်ပါ့အေ. . ဆင်းရဲလည်း ရိုးရိုးသားသား လုပ်ကိုင် စားသောက်ပါလား၊ အခုတော့ လူခြောက်ကိုမှ အပိုင်ကိုင်ပြီး တက်ချိုင်တာ”

“လူခြောက်ပဲ အပိုင်ကိုင်လို့ရမှာပေါ့၊ အစ်ကိုကြီး မင်း ထက်သာကို အနားကပ်လို့မှ မရတာ”

ရုံ့သည် နံရံတွင်ကျောမှီပြီး အသံမထွက်အောင် ကြိတ်ငို နေမိသည်။

ပြောရက်လိုက်ကြတာ. . ။

ရုံ့က ငွေမက်လို့တဲ့. . ။

ရုံ့နှင့်သူဟာ တကယ်ချစ်ကြတဲ့ ချစ်သူတွေဆိုတာ သူတို့ လက်ခံယုံကြည်အောင် ဘယ်လိုများ သက်သေပြရမလဲ။

အခုအချိန်မှာ ရုံ့အချစ်ကို အသက်နဲ့ သက်သေပြပါဆို ရင်တောင် ရုံ့ အသေခံဝံ့ပါသည်။

ရုံ့သည် ကြိတ်ငိုနေမိဆဲ ‘ဝုန်း’ခနဲ အသံကြီးတစ်သံ ကြား လိုက်ရပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

"အံမယ်လေး. . . လုပ်ကြပါဦး"

ကြောက်လန့်တကြား အော်သံဟစ်သံများဖြင့် ဆူညံပွက်လောရိုက်သွားသည်။

"ဟဲ့. . . ဘာဖြစ်နေကြတာလဲ. . . ဆူညံနေတာပဲ"

"မမမိရယ်. . ကျွန်မတို့ စကားပြောနေကြတုန်း အေးအေးကို တစ်ယောက်ယောက်က ဆောင့်တွန်းလိုက်သလို နံရံနဲ့ ခေါင်းနဲ့ ဆောင့်မိတော့တာပဲ"

အေးအေးမှာ သတိလစ်နေဆဲ။

"ကျွန်မကိုလည်း တစ်ယောက်ယောက်က ပါးကိုဖြတ်ရိုက်လိုက်သလိုပဲ၊ ခုထိ ထူပူနေသေးတယ်"

အမျိုးသမီးတစ်ယောက်က သူ့ပါးကို လက်ဝါးဖြင့်အုပ်ကာ မျက်စိပျက် မျက်နှာပျက်ဖြင့် ပြောပြနေ၏။

"ကျွန်မ ညို့သကျည်းကိုလည်း ဘယ်သူရိုက်သွားသလဲ မသိဘူး. . . အတော်နာနေတယ်"

ထိုအမျိုးသမီးက လုံချည်စကို မ,ပြလျှင် ညို့သကျည်းမှာ ညိုမည်းယောင်ကိုင်းနေတာ တွေ့ရသည်။

စားပွဲဝိုင်းတွင်ထိုင်နေသူများအားလုံးက ရှံ့ကို ဝိုင်းပြီး မလိုလားသလို စိုက်ကြည့်နေကြသည်။

ရှံ့မှာ သူတို့ဆွေမျိုးတွေအလယ်မှာ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့နေမိသည်။

ဒေါ်မိမိကျော်က အဖြစ်အပျက်ကို အလွဲခံတတ် ရိပ်မိသ



www.burmeseclassic.com

www.burmeseclassic.com



လို ရုံ့ရှေ့က ရပ်ပေးကာ. . .

"ငါ တစ်ခုပြောမယ်၊ ညည်းတို့ ဒီအိမ်မှာ အနေအထိုင် အပြောအဆို ဆင်ခြင်ကြအေ့၊ စည်းလွတ်ဝါးလွတ်မပြောနဲ့. . ငါ့ သားအငယ် မကြိုက်တာ မပြောမိကြစေနဲ့"

"သူများမင်္ဂလာယူတဲ့နေ့မှာ ညည်းတို့က မင်္ဂလာရှိတဲ့ စကားပြောမှပေါ့၊ ဧည့်သည်က အိမ်ရှင်ကို စော်ကားသလို မ လုပ်ကြပါနဲ့၊ လာ. . . ရုံ"

ရုံသည် ဒေါ်မီမီကျော် ဆွဲခေါ်ရာသို့ လိုက်ပါသွားရလေ သည်။

အမေကတော့ ရုံ့ကို မလှမ်းမကမ်းမှ အဓိပ္ပါယ်အပြည့် ပါသော မျက်လုံးများဖြင့် စိုက်ကြည့်နေခဲ့သည်။

ခုနကအဖြစ်အပျက်မှာ ရုံ့ကို စောင့်ရှောက်ပေးကြသော သူမွေးထားသည့် တပည့်မှင်စာများ၏လက်ချက်မှန်း ရုံ ခန့်မှန်း မိသည်။

ရုံ့ရဲ့အိမ်ထောင်ဖက်မှာ ရုပ်ဒြပ်မပြနိုင်သော ဝိညာဉ်ဖြစ် နေသော်လည်း ရုံ့ဘဝကို ကာကွယ်စောင့်ရှောက်ပေးနိုင်သော အစွမ်းသတ္တိရှိသည့်သူတစ်ဦးမှန်း ပီပီပြင်ပြင် သိလိုက်ရပြီမို့ အား တက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

# ဝိညာဉ်ကလေးရဲ့ချစ်ကမ္ဘာ

"သမီးမြစိမ်းရဲ့"

ဒေါ်ဒေါ့အသံမှာ ကိုယ်အမြတ်နိုးဆုံး အရာတစ်ခုကို ပေးဆပ်စွန့်လွှတ်ရတော့မည့် နှမြောကြေကွဲနေသည့် အရိပ်အယောင်များပေါ်နေသည်။

"သမီးနဲ့ သားငယ်လေးဟာ ခုချိန်ကစပြီး အကြင်လင်မယားတွေ ဖြစ်ကြပြီဆိုတော့ သားငယ်ကို ဒေါ်ဒေါ် ဆိုင်သာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပေမယ့် မပိုင်တော့ဘူး၊ သူ့ရဲ့ရုပ်ခန္ဓာကိုယ်ကိုလည်း ဒေါ်ဒေါ် ပေးပါတယ်"

ဒေါ်ဒေါ်က သူ့ကိုထည့်ထားသောခြင်းကလေးကို လှမ်းပေးရင်းပြောသည်။

ရှံ သူ့ကို အသည်းနင့်အောင် ချစ်သော်လည်း လူခြောက်ရုပ်ကလေးကိုတော့ ခုချိန်ထိ ရဲရဲမကြည့်ရဲသေး။

သို့သော် မကြောက်မိတော့အောင် ကိုယ့်စိတ်ကို အားတင်းရတော့မည်။ သူဟာ ရှံ့ရဲ့လင်ယောက်ျား ဖြစ်ခဲ့ပြီ. . ။

"ဒီနေ့ကစပြီး သားငယ်ရဲ့ဝေယျာဝစ္စတွေကိုလည်း သမီးက မယားဝတ္တရား ကျေပွန်အောင် ဆောင်ရွက်ပေးပါ၊ ဒေါ်ဒေါ် လုပ် ပေးကိုင်ပေးတာတွေကို သမီး အနီးကပ် မြင်ဖူးခဲ့တာပဲ၊ ထမင်းကျွေးတာ အဝတ်အစားလဲတာ အားလုံး သမီးဘာသာပဲ လုပ်တော့ ဟုတ်ပြီလား"

ရှံ့ကို ပြောရင်းကနေ ဒေါ်ဒေါ့်ခမျာ အသံတွေ တိမ်ဝင်ကာ မျက်ရည်ကျလေတော့သည်။

"ဒေါ်ဒေါ့်သားလေးကို ဒေါ်ဒေါ်က ကလေးလို့ပဲ မြင်နေသေးတာ၊ ခုတော့ သူက အိမ်ထောင်သည် ယောက်ျားရင့်မကြီးတောင် ဖြစ်ပြီ"

ဒေါ်ဒေါ် မျက်ရည်များကျရင်းက ပြုံးလိုက်ပြီး ပါးတစ်ဖက်ကို လက်ဖြင့် ဖွဖွအုပ်ထားပြန်လေသည်။

"သွားပါ. . လာချော့မနေပါနဲ့. . ၊ မိန်းမရပြီဆိုတော့ မအေကို မေ့ပြီမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မအေကို လာနမ်းနေတာလေ၊ ဟင်း. . . သိပ်ချွဲတတ်တဲ့ ကောင်လေး"

ဒေါ်ဒေါ်က ရှုံဘက်လှည့်ပြီး ရှင်းပြနေသေးသည်။

"သွား. . . လာနမ်းမနေနဲ့တော့၊ ကိုယ့်မိန်းမကို ကိုယ်သွားနမ်းချေ. . ဟင်း. . ."

ဒေါ်ဒေါ်က ရှုံ့ဘက် မေးထိုးပြကာ ကျီစယ်လျှင် ရည်းစားတောင် သူနဲ့တွေ့မှထားဖူးသော ရှုံသည် ရှက်သွားရပြန်သည်။

ရှုံ့ပါးပြင်တစ်ဖက် နွေးခနဲ ဖြစ်သွားလေလျှင် ရှုံ့မှာ ရင်ဖိုသွားမိသည်။

ရှုံက အယောင်ယောင် အမှားမှားဖြင့် ပါးကို လက်ဝါးဖြင့် အုပ်လိုက်မိသည်။

ဒေါ်ဒေါ်က ပြုံးပြီးလှမ်းကြည့်တော့မှ ဒေါ်ဒေါ်များ ရိပ်မိသွားပြီလား တွေးမိကာ ပိုပြီးရှက်သည်းသွားရသည်။

ရှုံသည် ဒေါ်ဒေါ့်ရှေ့မှ ထွက်ပြေးခဲ့မိတော့သည်။

တော်တော်ဆိုးတဲ့သူ. . .။



www.burmeseclassic.com

www.burmeseclassic.com



ရုံ၏ ညာဘက်ဘေးတွင် မလှုပ်မယှက် ရှိနေသော လူခြောက်ကလေးကို ကြည့်ကာ ကြောက်စိတ်များ တစိမ့်စိမ့် ဝင်လာသည်။

သက်မဲ့လူခြောက်ခန္ဓာကိုယ်ဟာ ရုံ့ကို ဘာမှမလုပ်နိုင်မှန်း သိပါရဲ့နဲ့ မည်းခြောက်နေကာ မျက်စိအရာ ပါးစပ်ပေါက်ကလေးများ ပါရုံသာပါသော အရိုးခြောက်ကလေးမှာ ကြည့်ရဆိုးလွန်းလှပေသည်။

ထိုလူခြောက်ခန္ဓာကိုယ်လေးကို ဘေးတွင်ထားကာ အတူအိပ်ရမည့်အဖြစ်မှာ တွေးပင်မတွေးဝံ့စရာ။

ရုံ ချစ်မိသည်မှာ ဒီအရိုးစု လူခြောက်ကို မဟုတ်၊ ချောမွေ့သန့်ပြန့်လှသော ကိုမိုးထက်ကိုပါ။

လူခြောက်ကလေးနှင့်သူ့ကို ရုံ ဘယ်လိုမှ ယှဉ်တွဲ၍

www.burmeseclassic.com

www.burmeseclassic.com



မရ။

နောက်ဆုံးတွင်ရှုံသည် ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်ကာ လူခြောက်ကလေးကို ကျောခိုင်းထားလိုက်တော့သည်။

ရှုံ့အိပ်ခန်းတစ်ခုလုံး ဘယ်ကဝင်လာမှန်း မသိသော မီးခိုးလုံးများဖြင့် ပြည့်လာလေသည်။

မီးလောင်သလို ညှော်နံ့လည်း မရတာမို့ ရှုံ့မှာ စဉ်းစားမရ ဖြစ်နေသည်။ မီးခိုးများမှာ ရှုံ့အနောက်နားဆီမှ လာရောက်စုဝေး ကြသည်။

နောက်မှ သင်းပျံ့သော မွှေးရနံ့တစ်မျိုး ရတာမို့ ရှုံစိတ်အားတင်းလျက် နောက်ကို ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်။

"ကြောက်နေတာလား ရှုံ"

လူခြောက်ကလေးနေရာ၌ သူလှဲအိပ်နေတာ မြင်လိုက်ရလျှင် ရှုံ ခမျာကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်သွားရသည်။

"ရှုံက ကိုယ့်လူခြောက်ပုံစံကို ကြောက်နေတုန်းလား"

"ရှုံ တဖြည်းဖြည်းနဲ့တော့ ရင်းနှီးလာမယ် ထင်ပါတယ်၊ ခုဟာက အခန်းထဲမှာ ရှုံတစ်ယောက်ထဲမို့"

ရှုံ့ကွာ အားနာစွာ ပြန်ဖြေလိုက်မိသည်။

"တစ်ယောက်ထဲ မဟုတ်ပါဘူး၊ ရှုံ့အနားမှာ ကိုယ်ရှိနေမှာပဲ"

ရှုံသည် ရှက်ဝဲဝဲလေး ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံနှင့်သူ အကြင်လင်မယားတွေ ဖြစ်သွားကြပြီဆိုသော အသိက သူ့ကို အရင်ကထက် ပိုပြီးရှက်အန်းနေစေသည်။

"ရုံက ကိုယ့်ကို ရှက်နေတုန်းလား"

သူက ပွင့်လင်းစွာ မေးပြန်တော့လည်း ရုံ့မှာ ပြန်မဖြေ ရဲ။ ခေါင်းသာ ညိတ်ပြလိုက်မိသည်။

"ကဲ. . . ရှက်ရင် မျက်စိမှိတ်ထား"

"အို. . ."

ရုံသည် ရှက်ရွံ့စွာဖြင့် မျက်လုံးများကို တကယ်ပဲ မှိတ် လိုက်မိပါသည်။

မှောင်အတိကျသွားသော ရုံ့အမြင်အာရုံထဲတွင် သူ့ရဲ့ စိမ်းညို့သော မျက်ဝန်းများကို မြင်ယောင်နေမိသည်။ တဖြည်း ဖြည်းနှင့် သူ့မျက်နှာမှာ ရုံနှင့် ပိုမိုနီးကပ်လာသလို ခံစားရသည်။

ရုံ့နဖူးပြင်မှာ နွေးခနဲ ဖြစ်သွားသည်။ ပြီးတော့ တစ် ကိုယ်လုံး နေရာအနှံ့ နွေးခနဲနွေးခနဲ ဖြစ်သွားရသည်။

ရုံ့ဆံနွယ်များကို ညင်သာဖွဖွ သပ်တင်ပေးနေသော သူ့လက်ချောင်းများမှာ နူးညံ့လွန်းလှသည်။

သူက ရုံ တစ်ခါမှ မရောက်ဖူးသော ကမ္ဘာသစ်တစ်ခု ဆီ ရုံ့ကို သိမ်မွေ့စွာ ညို့ငင်ခေါ်ဆောင်သွားခဲ့သည်။

ရုံသည် တိမ်တိုက်များထဲ လွင့်မျောနေရသလို ရှင်း တလှပ်လှပ်အေးလျက် ခံစားချက်ပြင်းလို့နေပေသည်။

卐 卐 卐 卐

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့မောပန်းစွာကျန်ခဲ့ရင်း ဖြည်းညင်းစွာ မျက်လုံးများ ဖွင့်ကြည့်လိုက်သောအခါ ရှုံ့ညာဘက်ဘေးတွင် လူ့ခြောက်က လေးကိုသာ တွေ့ရတော့သည်။

"ကို. ."

ရှုံ့က တိုးတိုးကလေးခေါ်ကာ အခန်းကို ဝေ့ဝဲကြည့်မိ သည်။

ကို့. . ကို မတွေ့ရတော့။

ရမွှက်အိပ်မက်ကမ္ဘာထဲမှ ရှုံ့ သတိဝင် နိုးထလာချိန်မှာ ကို. . မရှိတော့။

သူ့ကို ကိုဟု တမြတ်တနိုး ခေါ်နေမိသည်။

ခုနကလို ရှုံ့ လူ့ခြောက်ကလေးကို ကြောက်စိတ်မရှိ တော့. . ။



www.burmeseclassic.com

www.burmeseclassic.com



ကို့ရဲ့ကိုယ်စားအဖြစ် ရှံ့ လက်ခံနိုင်အောင် ကြိုးစားရတော့မည်။

ရှံ့ သေသေချာချာ ကြည့်မိလျှင် လူခြောက်ကလေးရဲ့ အင်္ကျီမှာ ကြယ်သီးလေးများ ပြုတ်နေတာ တွေ့လိုက်ရသည်။

ၛ ၛ ၛ ၛ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်က အမေတစ်ယောက်ထဲ ကျန်ခဲ့တာမို့ အမေ့ကိုပါ ဒီမှာလာနေစေသည်။ အမေကလည်း အားနေရင် မနေတတ်သူမို့ အိမ်ကိစ္စများ ကူလုပ်ပေးချင်သည်။

အမေ့ကို ဒေါ်ဒေါ်နှင့်သာ မီးဖိုဆောင် အတူဝင်စေသော်လည်း ကို့ဝေယျာဝစ္စကိုတော့ အမေရော ဒေါ်ဒေါ်ရော ဝင်မလုပ်စေရ၊ ရှုံကိုယ်တိုင်သာ လုပ်သည်။

"သမီး. . . မောင်မိုးထက်အတွက် နွားနို့အိုး ကျိုတော့မလား၊ အမေ လက်စနဲ့ ကျိုထားလိုက်မယ်"

"နေနေ အမေ၊ သမီးဘာသာ လာကျိုပါ့မယ်၊ တော်ကြာ အိုးမသန့်တာမပြုမှာ ဖြစ်မှာစိုးလို့"

"သန့်ပါ့အေ. . . ငါ အထပ်ထပ် ဆေးကြောထားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အစ်မ စိမ်းမြရေ၊ သူ့ယောကျ်ားအတွက်မို့ သူကိုယ်တိုင် လုပ်ပေးချင်နေတာ၊ ကြည့်နေလိုက်. . ကြည့်သာ နေလိုက်"

ဒေါ်ဒေါ်က အမေ့ကို မျက်စမျက်နှ ပစ်ပြီး ပြောပြနေသည်။

အမေနှင့်ဒေါ်ဒေါ်တို့ ရုံ့ကို ဝိုင်းကျီစယ်ပြီး ရယ်နေကြလျှင် ရှက်ရှက်နှင့် ရုံ မီးဖိုဆောင်ထဲမှ ထွက်လာခဲ့သည်။

ဌ ဌ ဌ ဌ

www.burmeseclassic.com

www.burmeseclassic.com



"ဿမီးရေ. . . သားကို ထမင်းစား ခေါ်ပါအုံး"

"ကိုမိုးထက်သာ ထမင်းစားရအောင်"

ရုံက ယောက္ခမနှင့် အမေရှေ့မှာတော့ 'ကို'ဟု မခေါ်ရဲ၊ ကိုမိုးထက်သာလို့ပဲ ခေါ်သည်။ ရုံ နှုတ်မရဲ။

ရုံထမင်းစားနေစဉ်ဘေးမှ တစ်ယောက်ယောက်က ခါးတို့သလိုမျိုး၊ ဟင်းခပ်ဖို့ ဇွန်းကိုင်လိုက်လျှင် လက်ကို လှမ်းဆွဲထား သလိုမျိုး၊ ဟင်းချိုသောက်တုန်း ငယ်ထိပ်ကို ပုတ်လိုက် သလိုမျိုး မကြာခဏ ကြုံနေရမြဲမို့ ရုံ့အဖို့ ရိုးတောင်နေပြီ။

သူ မကျိုစယ်လျှင်တောင် ရုံမှာ မနေတတ်သလို ဖြစ်နေရပြီ။

တစ်ခါတစ်ရံ ရုံ့ထမင်းပန်းကန်ထဲ တစ်ယောက်ယောက်က ခပ်ထည့်ပေးသလို ဟင်းတွေ မို့မောက်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ. . . သမီးပန်းကန်ထဲ ဟင်းတွေ ထည့်ပေးထားတာလား၊ ဟင်းတွေ များလိုက်တာ"

"မထည့်ရပါဘူးအေ. . . ကျုပ်ဘာသာ စားနေတာပါ"

ရုံက ဒေါ်ဒေါ့်ဘက် လှည့်ကြည့်လိုက်လျှင်. . .

"အံမယ်. . . ကြည့်မနေပါနဲ့၊ ဒေါ်ဒေါ်လည်း မထည့်မိပါဘူး၊ သမီးအမျိုးသားလေး ထည့်ပေးထားတာပဲ ဖြစ်မှာပေါ့ မေးကြည့်ပါလား"

သူ ရုံ့အပေါ် ဂရုတစိုက် ကြင်နာတာကို ကြည်နူးသွားရသည်။

ဒီနေ့အဖြစ်အပျက်ကတော့ ရယ်ရမလို ငိုရမလိုပင်၊ ရုံက ငရုတ်သီးမှုန့် ရဲပတောင်းထအောင် ထည့်ထားသော ငါးပိရည်ကို ထမင်းပေါ် ဆမ်းဖို့ လက်အလှမ်း ရုံ့လက်ကို ပါးစပ်နားရောက်အောင် လက်တစ်ဖက်က ဆွဲတင်လိုက်တာမို့ ရုံသည် အယောင်ယောင် အမှားမှားနှင့် ပါးစပ်နား တော့လျက်ရှိသော ငါးပိရည်ကို သောက်ချလိုက်မိတော့သည်။

"ဟဲ့. . . သမီး ရူးနေလား၊ ငါးပိရည်ကို သောက်ရသလား"

"အေးကွယ်. . . ရုံကလည်း ပေါက်ပေါက်ရှာရှာ"

ရုံသည် အမေနှင့်ဒေါ်ဒေါ်ကို ပြန်မရှင်းအား။

ငန်တူးစပ်လန်နေသော ငါးပိရည်ကြောင့် နားတွေ့ပွင့်ထွက်မတတ်ဖြစ်ကာ မျက်ရည်တွေရော နှာရည်တွေပါ တရွှဲရွှဲကျနေတာကြောင့် ရုံ အတော်ကလေး စိတ်တိုသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုံက ဒေါ်သထွက်ထွက်နှင့် မပြောမဆို သူစားဖို့ ချထား သော ပန်းသီးတွေ၊ ငှက်ပျောသီးတွေ ယူစားပစ်လိုက်သည်။ နွားနို့လည်း ယူသောက်ပစ်လိုက်သည်။

အမေနှင့်ဒေါ်ဒေါ်မှာ ပထမ နားမလည်ဟန် ဖြစ်နေကြ သော်လည်း နောက်မှ ရှုံ ဘာကြောင့် စိတ်တိုသွားရသလဲရိပ်မိ ကာ တဟားဟား ရယ်နေကြတော့သည်။

ဒေါ်ဒေါ့် ရယ်သံက ဗလုံးဗထွေးဖြင့်. . .

"အဲ့ဒါပဲ ကြည့်တော့ အစ်မစိမ်းမြရေ၊ သားငယ်က သိပ် အစသန်တာ၊ လွန်လွန်းလာတော့ မြစိမ်းရှုံခမျာလည်း ဘယ် သည်းခံနိုင်တော့မှာလဲ၊ သူ့ကို အဲလို ပညာပြန်ပေးရမှာ၊ အခု တော့ သူ့သစ်သီးတွေ ဟိုက စားပစ်လိုက်ပြီ၊ သူ ဘာတတ် နိုင်သေးလဲ. . ကဲ. . ."

ရှုံသည် ဒေါ်သထွက်ထွက်ဖြင့် သူ့စားစရာများ ယူစား ပြီးတော့မှ ပြန်သနားကာ သစ်သီးများ သူစားဖို့ ပြန်ခွါထည့်ပေး မိသည်။

အမေနှင့်ဒေါ်ဒေါ်က ရှုံ့ကို မျက်စပစ်လျက် ပြုံးနေကြ သည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

## သစ္စာစိုညာဉ်

ရုံသည် တဖြည်းဖြည်းနှင့် လူခြောက်ကလေး၏ ခန္ဓာကိုယ်ကိုလည်း ရင်းနှီးလို့လာခဲ့ပြီ။ မရဲတရဲလေးကိုင်ကာ ပေါင်ဒါလည်း မွှေးကြိုင်နေအောင် လူးပေးတတ်ခဲ့ပြီ။ အဝတ်အစားတို့လည်း တစ်နေ့သုံးကြိမ်လောက် လဲပေးသည်။

လင်မယားချင်းပေမယ့် လူခြောက်ကလေးတို့ အဝတ်အစားလဲပေးလျှင်တော့ ရုံမှာ မျက်နှာပူကာ ရှက်နေမိမြဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်က မုန့်ဖိုးပေးလျှင် ရုံ့အတွက် မဝယ်ဖြစ်ဘဲ သူ့အတွက်သာ အဝတ်အစားသစ်တွေ ဝယ်ပေးမိမြဲ။

"သမီးမြစိမ်းရုံနော်. . . ယောကျ်ားကိုချည်း ဖိဆင်မနေနဲ့၊ တော်ကြာ သူ့ကိုယ်သူ လူပျိုပြန်လုပ်ပြီး ရှုးထုတ်နေဦးမယ်"

"ဒေါ်ဒေါ်ကလဲ. . . ကိုမိုးထက်က အဲ့လိုလူမျိုး မဟုတ်ပါဘူးနော်"

ဒေါ်ဒေါ်က စမှန်းသိပေမယ့် စိတ်ထဲ တစ်မျိုးလေး ဖြစ်သွားမိသည်။ ဖြစ်ချင်တော့ ထိုနေ့က သူအိမ်ပြန်နောက်ကျခဲ့သည်။

ညဆို သူပြန်မလာမချင်း ရုံ ဧည့်ခန်းမှာ ထိုင်စောင့်ပေးစမြဲ။

ရုံနှင့် အဖော်ရအောင် အမေနှင့်ဒေါ်ဒေါ်က လက်ဖက်သုပ်စားရင်း စောင့်ပေးသည်။ ည(၁၁)နာရီလောက်ကျတော့ လူကြီးများမို့ မဟန်နိုင်တော့။

ဧည့်ခန်းက ဆိုဖာရှည်တွေပေါ်မှာပဲ တုံးလုံးလှဲ အိပ်ပျော်နေကြပြီ။

အစ်ကိုကြီးမင်းထက်သာသည် သူ့အခန်းထဲမှ ထွက်အလာ ရုံ့ကိုတွေ့တော့ အံ့သြကာ. . .

"ဟာ. . . မြစိမ်းရုံ၊ ခုချိန်ထိ ဟိုကောင် ပြန်မလာသေးဘူးလား"

"ဟုတ်ကဲ့. . . အစ်ကိုက မအိပ်သေးဘူးလား"

"လချုပ်စာရင်းမပြီးသေးလို့ ကျွန်တော်နဲ့ဖေဖေ မအိပ်ရ

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ အမေနဲ့ဒေါ်လေးကို သွားအိပ်ခိုင်းတော့လေ၊ မြစိမ်းရုံ လည်း သွားအိပ်ချေတော့၊ ကျွန်တော် စာရင်းလုပ်ရင်း စောင့်နေ လိုက်မယ်"

"ရတယ် အစ်ကို၊ ရုံ မအိပ်ချင်သေးပါဘူး၊ ဝတ္ထုက လည်း ဖတ်ကောင်းနေလို့ပါ။ ရုံပဲစောင့်လိုက်ပါ့မယ်"

ရုံက ဖတ်လက်စ GHOST STORY သရဲစာစဉ် ဝတ္ထု ကို ကိုင်မြှောက်ပြလိုက်သည်။

တကယ်တော့ သူအပြန်နောက်ကျတာ စိတ်ပူနေမိတာ မို့ ရုံ ဝတ္ထုထဲစိတ်မရောက်ပါ။ ဖတ်လက်စ စာမျက်နှာက ရှေ့ တက်မလာခဲ့။

"ကျွန်တော်ကတော့ ဒီကောင့်ကို စောင့်ရတဲ့ဝဋ်က ကျွတ်သွားပြီ၊ ကျွန်တော့်ဝဋ်ကို မြစိမ်းရုံက အမွေဆက်ခံရတာ၊ ကြည့်လည်းထိန်းဦး၊ ဒီကောင် လူခြောက်မတွေနဲ့များ ကြည်နေ လား မသိဘူး"

ကိုမင်းထက်သာက ရယ်ရယ်မောမောနှင့် ပြောတာဖြစ် ပေမယ့် ရုံ့ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရ၏။

ဟုတ်ပါရဲ့. . ရုံ မစဉ်းစားမိဘူး၊ သတိလည်းမထားမိ ဘူး။ သူတို့ဝိညာဉ်လောကမှာလည်း ရုံ့ထက် ချောတဲ့မိန်းက လေးတွေ ရှိမှာပင်။

"သားကြီးက ဘာတွေလျှောက်ပြောနေတာလဲ၊ ရုံက တကယ်ထင်နေပါ့မယ်. . . မနောက်ပါနဲ့ကွယ်"

ဒေါ်ဒေါ်က နိုးလာတော့ နားစွန်နားဖျားနှင့် ကြားသမျှ

www.burmeseclassic.com

www.burmeseclassic.com



တို မင်းထက်သာအား ဟန့်နေသည်။

မင်းထက်သာက တဟားဟားရယ်ရင်း ထွက်သွားလေသည်။

"အသံတွေကြားလို့ နိုးလာတာ၊ သားငယ် ခုချိန်ထိ ပြန်မရောက်သေးဘူးလား၊ ရှုံ အိပ်ချင်သွားအိပ်ချေတော့၊ ဒေါ်ဒေါ် တရေးအိပ်ပျော်သွားလို့ အိပ်ရေးဝနေပြီ၊ တစ်လှည့်စောင့်ပေးမယ်"

"ရပါတယ် ဒေါ်ဒေါ်၊ ရှုံ မအိပ်ချင်သေးပါဘူး၊ မျက်စိကြောင်နေပါပြီ"

"ဒီကလေးတော့ ပြောဦးမှပဲ၊ အိမ်ကလူတွေ အိပ်ရေးပျက်တယ်"

ဒေါ်ဒေါ် တဗျစ်တောက်တောက် ပြောဆဲ ဘဲလ်တီးသံမှာ သုံးချက်ဆက်တိုက်ဆင့်၍ ထွက်ပေါ်လာသည်။

ဒါ သူ့ရဲ့အမှတ်အသားပဲ ဖြစ်ပါသည်။

ဒေါ်ဒေါ်နှင့်ရှုံ အပြေးအလွှား တံခါးသွားဖွင့်ပေးကြသည်။

တံခါးဖွင့်လိုက်လျှင် အပြင်မှာ လူတစ်ယောက်မှ မရှိ။ သို့သော် သစ်သီးနံ့လို မွှေးရနံ့တစ်မျိုးက အိမ်ထဲတိုးဝင်လာသည်။

"သားငယ်ရယ်. . . နောက်ကျလိုက်တာ၊ နောက်နေ့ စောစောပြန်လာကွယ်"

ဒေါ်ဒေါ်က မြည်တွန်တောက်တီးသည်။



www.burmeseclassic.com

www.burmeseclassic.com



မွှေးရနံ့မှာ ရုံရှေ့မှနေ ရုံတို့အိပ်ခန်းထဲ ဝင်ရောက်သွားသည်။

ရုံအိပ်ပျော်နေစဉ် ရုံ့နားထဲ ဖူးခနဲ လေမှုတ်သွားတာသိလိုက်ရသည်။

ရုံ့နဖူးပြင်လေး နွေးခနဲ တစ်ချက်ဖြစ်သွားရလျှင်လည်းသာ ကလေးဆန်စွာ နဖူးကို ပြန်ပွတ်တိုက်ဖျက်ပစ်လိုက်သည်။

"ရုံ"

လှည့်ကြည့်လိုက်တော့ ထင်တဲ့အတိုင်း လူခြောက်ကလေးရဲ့ ပါးစပ်ပေါက်လေးမှာ လှုပ်နေသလိုလို။

ရုံစိုက်ကြည့်နေမိဆဲ၊ အိပ်ပျော်နေသလို ပိတ်ထားသောလူခြောက်ကလေးရဲ့မျက်ခွံများမှာ တဖျတ်ဖျတ် လှုပ်လာသည်။

ထို့နောက် လူခြောက်ကလေးရဲ့ပူးကပ်နေသော လက်ချောင်းကလေးများမှာလည်း တရွရွ လှုပ်လာခဲ့သည်။

"ကို. . . ကို. . . ကို့ကို ရုံ စိတ်မကောက်တော့ပါဘူး၊ ရုံ့ကိုမခြောက်ပါနဲ့ ရုံကြောက်တယ်၊ ရုံ့ကို အရင်ရုပ်ပဲပြပါ. . ရုံကြောက်လို့ပါ"

ညသန်းခေါင်ကျော်နေပြီဖြစ်သဖြင့် ရုံက မျက်လုံးစုံမှိတ်ထား ငိုသံပါလေးနှင့် တောင်းပန်လိုက်သည်။

"ကို့ကို ဘာလို့စိတ်ကောက်ရတာလဲ၊ ပြောစမ်းပါဦး"

ရုံသည် ကို့အသံကိုသာ ကြားရသည်။ မှိတ်ထားသောမျက်စိရဲ့စိတ်အာရုံထဲ ကို့ရုပ်သွင်ကို မမြင်ရ။

"ကိုပြန်လာတာ နောက်ကျလို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖလေသံက နည်းနည်းမာသည်မို့ ရုံ စိတ်မကောက်ရဲ တော့။ အသံတိုးတိုးဖြင့် ပြန်ဖြေလိုက်သည်။

"ကိုဖ့အလုပ်ကိစ္စတွေအကြောင်း ရုံ့ကို အတတ်နိုင်ဆုံး ရှင်းပြခဲ့ပြီးပြီ၊ ကိုတို့တာဝန်တွေက ရုံ့ကိုပြောပြလည်း ရုံ နား လည်မှာ မဟုတ်ဘူး. .၊

ကို. . ဘာအကုသိုလ်အလုပ်မှ မလုပ်ဘူး၊ ကိုတို့ဟာ သက်တမ်းနဲ့ နေရတာပါ၊ ကိုဖ့မှာ အကုသိုလ်တွေ ရှိခဲ့ရင် ကို သက်တမ်းမစေ့ခင် ရုံနဲ့ ခွဲရလိမ့်မယ်၊ ကို သက်တမ်းဘယ် လောက်နေရမလဲဆိုတာ ဘယ်သူ့ကိုမှ ပြောခွင့်မရှိဘူး"

"တကယ်လို့ ကိုဖ့ကိုမယုံရင် တစ်ခုပဲရှိတယ်. .၊ ရုံ ကိုယ့် နောက်လိုက်မလား၊ ရုံ့ကို ခေါ်သွားမယ်၊ ကိုယ်တို့ ဝိညာဉ်လော ကကို ရုံလိုက်မလား"

ကိုဖ့အသံမှာ မာကျောသလောက် အေးစက်လွန်းလှ သည်။

ရုံသည် စိတ်အာရုံထဲ ကိုဖ့ရုပ်သွင်ကို အရင်ကလို မမြင် ရဘဲ အသံကိုချည်း ကြားနေရ၍ ပိုထိတ်လန့်တုန်လှုပ်နေမိ သည်။

"ဟင့်အင်း. . ကိုဖ့ကို ယုံကြည်ပါတယ်၊ ကိုမင်းထက် သာနဲ့ ဒေါ်ဒေါ်တို့က နောက်လို့ ရုံ့စိတ်ထဲ တစ်မျိုးဖြစ်သွားတာ ပါ"

"ဟား. . ဟား. ဟား. . ကိုကြီးက ချောက်တွန်း တယ်ပေါ့၊ တစ်ခါလောက် စက်ရုံလိုက်ပြီး ပြဿနာ ရှာပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်၊ ကဲ. . . ကဲ. . . ရုံအိပ်တော့ အချိန်မနည်းတော့ဘူး၊ မနက်ကျမှ စကားပြောကြတာပေါ့”

ရုံသည် ကို့အသံပျောက်သွားတော့မှ မျက်လုံးကို အသာဖွင့်ကာ လူခြောက်ကလေးဘက် လှည့်ကြည့်လိုက်သည်။

ရုံသည် အောင်မလေးဟု လန့်မအော်မိအောင် ပါးစပ်ကို လက်ဝါးဖြင့် အမြန်ပြန်ပိတ်လိုက်ရသည်။

လူခြောက်ကလေးမှာ ရုံကို မျက်လုံးဖွင့်လျက် ကြည့်နေပါသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ည ဘက်တိုင်း ရုံသည် ဘယ်လောက်ပဲ ကြောက်ရွံ့နေပေမယ့် ရုံ့ရဲ့လင်ယောကျ်ားမို့ ရှိခိုးကန်တော့ပြီးမှ အိပ်ရာဝင်ပါသည်။

"လိမ္မာလိုက်တဲ့ ရုံလေး၊ ကိုတော့ တစ်နေ့ထက်တစ်နေ့ ရုံ့ကို ပိုချစ်ချစ်လာပြီ"

"ရုံလည်း ဒီလိုပါပဲကို၊ ကို့ကို ရုံ မမြင်ရပေမယ့် ရုံ့အနားမှာ ကိုရှိမှန်း သိနေတာနဲ့တင် ရုံ့ဘဝ ပြည့်စုံနေပါပြီ၊ ရုံလည်း ကို့ကိုသိပ်ချစ်တယ်. . သိလား"

ကိုက ရုံ့ရဲ့ဆံနွယ်များကို ဖွဖွညင်သာစွာ သပ်ပေးနေပါသည်။

ကို့လက်ချောင်းလေးများရဲ့အထိအတွေ့မှာ ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com



သားကလေးများလို နူးညံ့လွန်းလှပါသည်။

ကို့ရဲ့ထိတွေ့လှုပ်ရှားမှုများကို အာရုံသိဖြင့် ခံစားသိရှိရပါသည်။

"ကိုလေ. . . ရှံ့ကို သိပ်ချစ်လွန်းလို့ တစ်ဇွတ်ထိုး လုပ်ခဲ့မိပေမယ့်. . ကို့အချစ်ဟာ ရှံ့ဘဝကို နစ်မွန်းစေသလို ဖြစ်နေသလားလို့ တွေးမိတယ်. . ."

ရှံ့ရဲ့အိမ်ထောင်ဘက် ဘယ်မှာလဲလို့မေးရင် ရှံ အဖြေရခက်မှာပဲနော်၊ ရှံ့လင်ယောကျ်ားဟာ လူခြောက်မှန်းသိရင်. . အမိပွါယ်မရှိတဲ့ အလုပ်ကြီးကို လုပ်တယ်လို့ ရှံ့ကိုလူတွေ ကဲ့ရဲ့ကြမှာပဲ၊ တခြားသူ မဟုတ်ဘူး. . ကိုယ့်ဆွေမျိုးတွေကိုယ်တိုင်က ကဲ့ရဲ့ကြတယ် မဟုတ်လား၊ အဲ့ဒီဒဏ်ကို ရှံလေး ကြာရှည်ခံနိုင်ရည်ရှိပါ့မလား"

"ကို့ကိုချစ်တဲ့အချစ်က ရှံ့ကို အရာရာကို ခံနိုင်ရည်ရှိစေပါတယ်၊ ကို့အချစ်နဲ့ အရာရာကို ရှံ ရင်ဆိုင်ရဲပါတယ်"

ရှံက အားမာန်အပြည့်ဖြင့် ပြောလိုက်ပါသည်။

"ကို. . . ဘာလို့ ရှံ့ကို ချစ်ရတာလဲဟင်၊ ကိုတို့ဝိညာဉ်လောကမှာ ရှံ့ထက် ချောတာတွေ ချမ်းသာတာတွေ တစ်ပုံကြီးရှိမှာပဲနော်၊ ရှံက ချောလည်း မချောဘူး၊ ချမ်းလဲ မချမ်းသာဘူး"

"ဘာလို့ အားငယ်ရတာလဲ ရှံ၊ ကို တစ်ခုပြောထားမယ်၊ ကိုတို့လောကသားချင်း ချစ်တဲ့ကြိုက်တဲ့စိတ် မဖြစ်မိဘူး၊ အားလုံးက ဆွေမျိုးတွေလို့ပဲ ခံစားရတယ်၊ ရှံ့ကို မြင်မြင်ချင်း ချစ်မိခဲ့တာဟာ ဘဝဟောင်းက ရေစက်ပါလို့ပဲ၊ အဲ့ဒါကြောင့် ကိုယ်တို့

www.burmeseclassic.com



ဟာ ဘဝချင်းမတူပေမယ့် ပေါင်းဖက်ကြရတာ၊ အဲ့ဒါ ကိုယ်တို့ ဘဝဟောင်းက အမိဋ္ဌာန်ခဲ့တဲ့ သစ္စာကြောင့်ပေါ့” .

“ဒါပေမယ့် ရုံ့ကို ကိုယ်ခွင့်ပေးပါတယ်၊ ရုံက အသက်လည်း ငယ်သေးတယ်၊ ရုပ်ရည်လည်း ရှိတယ်၊ သွေးနဲ့သားနဲ့ တည်ဆောက်ထားတဲ့လူပဲ၊ ကို့ကြောင့် ရုံ့ဘဝ မနစ်မွန်းစေရပါဘူး၊ ရုံ တကယ်ချစ်တဲ့သူတွေ့ရင် ရုံ လက်ထပ်ပါ၊ ကိုယ်ခွင့်ပြုပါတယ်၊ ကိုယ်ဟာ ရုံဘဝအတွက် အနှောင့်အယှက် မဖြစ်စေရဘူး၊ အဟန့်အတား မဖြစ်စေရဘူး”

သူဘယ်လောက်ချစ်သလဲ သိရလျှင်သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ မျက်ရည်ကျမိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

# ဝိညာဉ်ကလေးရဲ့ကံကြမ္မာဆိုး

**ဘယ်**တော့မှ မခွဲချင်ကြသော ရုံနှင့်ကို့အတွက် ဘဝ ဆစ်ဆက်ချိုး အပြောင်းအလဲက သိပ်မကြာခင်မှာ ဖြစ်ပေါ်လာခဲ့ပါသည်။

ကံကြမ္မာကို ဘယ်သူမှ ကြိုမမြင်နိုင်ခဲ့။ ရုံကိုယ်တိုင်မှ ကြိုမမြင်နိုင်ခဲ့။

အမေ့ရဲ့ညီမအရင်းဖြစ်သော ဒေါ်အေးမြတို့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ကြလျှင် ရှုံတို့သားအမိမှာ အတော်အနေရခက်သွားတော့သည်။

ဒေါ်အေးမြတို့မိသားစုမှာ နယ်က လာကြတာမို့ ရှုံ့အိမ်မှာ တည်းချင်ကြမှန်း သိသည်။ ရှုံနှင့်အမေက ဒီမှာလာနေတာမို့ ကျန်ခဲ့သောတဲအိမ်ကလေးကို အိမ်ငှားတင်ထားသည်။

ဒီအိမ်က ယောက္ခမအိမ်၊ ကိုယ်တောင် ကပ်နေရတာ။ ရှုံက လောကွတ်လုပ်ကာပင်မခေါ်၊ အမေကလည်း ရှုံ့သဘောကို နားလည်တာမို့ မခေါ်ပါ။

ဒေါ်ဒေါ်ကတော့ ရှုံတို့မျက်နှာနှင့် တည်းဖို့ခေါ်သည်။

"မအေးမြတို့ ဒီမှာပဲ တည်းပေါ့၊ အခန်းလွတ်တွေ ရှိတယ်၊ ရှုံ့ဆွေမျိုးဟာ ကျွန်မတို့ဆွေမျိုးပါပဲ"

အမေနှင့်ရှုံက အားနာနေခဲ့သည်။

အဒေါ်အေးမြတို့ မိသားစုမှာ အထည်ကြီးပျက်တွေ အနေအထိုင်မှာ ကြီးကျယ်ချင်သည်။ သူတို့ပြေလည်စဉ်က ရှုံတို့သားအမိကို ကူညီခဲ့ဖူးခြင်း မရှိ၊ ရှုံတို့ကလည်း သူစိမ်းဆီက သာ ချေးငှားမည်၊ သူတို့ဆီကတော့ အကူအညီမတောင်း။

အဒေါ်အေးမြတို့ တည်းခွင့်ရလိုက်သည့်အတွက် တော်ဝမ်းသာသွားပုံရသည်။

"ကျေးဇူးတင်ပါတယ် မမရယ်၊ ကျွန်မတို့က တော့ မမေ့တတ်ပါဘူး၊ အခုလာတာလည်း အလုပ်ကိစ္စလေး ရှိလို့ သိပ်မကြာပါဘူး၊ မမလည်း ကျွန်မတို့ဘိုကလေးကို လိုက်

www.burmeseclassic.com



ဦးပေါ့၊ ကျွန်မတို့ဆီမှာက ပင်လယ်နဲ့နီးတော့ ပင်လယ်စာတွေ စျေးသိပ်ချိုတာ၊ လတ်လည်းလတ်တယ်"

အဒေါ်က နှုတ်ချိုချိုနှင့် တစ်ဖက်သားကို ကိုယ့်ဘက်ပါအောင် ပြောတတ်လှသူ ဖြစ်သည်။

"လည်ချင်ပါရဲ့ မအေးမြရယ်၊ ကျွန်မမှာ အိမ်ကခွာလို့ကို မရပါဘူး၊ ဒါတောင် အခု သားငယ်လေးတာဝန်ကို ရုံက ယူပေးလို့ သားငယ်လေးက ကလေးတစ်ယောက်လို ပြုစုရတုန်း သူ့မှာလည်း ကိုယ်တွေ ဉာဏ်မမီတဲ့အလုပ်တွေက ရှုပ်တယ်လေ"

ရုံက အဒေါ်အေးမြတို့ကို 'ကို့'အကြောင်းတွေ မသိစေချင်။

ဒေါ်ဒေါ်ကတော့ ရုံ့ဆွေမျိုးတွေမို့ အခုမသိလဲ နောက်သိမှာပဲဆိုသော သဘောနှင့် ပွင့်ပွင့်လင်းလင်း ပြောပြလေသလားမသိ။

"မြစိမ်းရုံက သူ့သတို့သားကို တို့ကို ပြတောင်မပြဘူး၊ သူဌေးချွေးမဖြစ်သွားလို့ မာနကြီးသွားပြီနဲ့တူတယ်"

အဒေါ့်သမီး သရဖီပြောပုံကြောင့် အားလုံး မျက်နှာပျက်သွားကြသည်။

"မာနကြီးစရာ အကြောင်းမရှိပါဘူး မမသရဖီရယ်၊ ရုံက နဂိုကတည်းက ဒီလိုပဲ နေတတ်တာပဲ၊ သူ့ကိုလဲ ကိုယ်မြင်ချင်တိုင်း ပြလို့ရတာမှ မဟုတ်ဘဲ၊ သူပြချင်မှ မြင်ရတာ၊ ရုံတောင် အမြဲတစေ မြင်နေရတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေပြောတော့ လူခြောက်ဆို၊ လူခြောက်ကို တစ်ခါမှ မမြင်ဖူးလို့ ကြည့်ချင်လိုက်တာ"

"အဲ့ဒီခန္ဓာကိုယ်ကတော့ လူတိုင်းမြင်နိုင်တဲ့ ခန္ဓာကိုယ် ပေါ့။ တကယ့်ရုပ်အစစ်ကတော့ အဲ့လိုမဟုတ်ပါဘူး၊ သူပြချင်တဲ့ သူမှ မြင်နိုင်တာ"

ရှုံ့ယောကျ်ားက လူခြောက်မို့ ရှက်စရာ မရှိသော်လည်း လူတကာက အထူးအဆန်းနဲ့ ကြည့်ချင်ကြတာမျိုးကို မလို လား။

"နင်မကြောက်ဘူးလားဟင်"

သရဖီက ရှုံ့နားကပ်ကာ ခပ်တိုးတိုး မေးသည်။

"ဘာလို့ ကြောက်ရမှာလဲ. . .၊ ကိုယ်ချစ်လို့ ယူထားတဲ့ ယောကျ်ားပဲ ကြောက်စရာလား"

အမှန်တကယ်တော့ ကို့ရဲ့လူခြောက်ခန္ဓာကိုယ်ကို ရှုံ ကြောက်ပါသည်။

"သူတို့နှစ်ယောက်ရဲ့ ဖူးစာကလည်း သိပ်ဆန်းကြယ် တယ်၊ သူတို့တစ်ယောက်ကိုတစ်ယောက် မေတ္တာစစ်နဲ့ ချစ်ကြ တယ်ဆိုတာ ကျွန်မယုံတယ်၊ ရှုံ့နေရာမှာ တခြားမိန်းကလေး သာဆို ကျွန်မက သားနဲ့သဘောတူချင်မှတူမှာ၊ ရှုံကတော့ သိပ်ရိုးသားဖြူစင်တယ်ဆိုတာ ကျွန်မက အနီးကပ်သိလို့"

ဒေါ်ဒေါ်က ရှုံ့ဘက်မှနေ ကာကွယ်ဖြေရှင်းပေးနေသဖြင့်အ တွက် ကျေးဇူးတင်ရပါသည်။ ဒါတောင် အဒေါ်အေးမြတို့က လက်မလျှော့ချင်သေး။

www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်းရှိရေ. . . ညည်းယောက်ျား သူငယ်ချင်းတွေထဲ က လူခြောက်တစ်ယောက်ယောက် ညည်းအစ်မအတွက် ရှာပေးလိုက်စမ်းပါဦး၊ ဒါမှ အသောက်အစား လောင်းကစားမရှိ စိတ်ချရအောင်"

ကို့ကို ကိုယ်ကျင့်တရားကောင်းကြောင်း မြှောက်သလို လို ပြောသော်လည်း တကယ်တမ်းတော့ သူတို့ လူခြောက်ဆို ရင် ချမ်းသာချင်လို့ အသုံးချချင်မှန်း ရုံ ရိပ်မိပြီးသားပင်။

အဒေါ်အေးမြတို့ မြန်မြန်ပြန်ကြပါစေလို့သာ. . . ရုံ ဆု တောင်းမိသည်။

卐 卐 卐 卐

www.burmeseclassic.com

www.burmeseclassic.com



"ပြမသရဖီ ဘာကိစ္စရှိလို့လဲ"

ရုံ အိပ်ခန်းထဲဝင်လိုက်လျှင် မယောင်မလည် လုပ်နေသော သရဖီကို တွေ့လိုက်ရတာမို့ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

ရုံတို့ လင်မယားခန်းထဲ သူဝင်စရာ ဘာကိစ္စမှမရှိ။

ရုံသည် မကြိုက်မှန်း သိစေသော လေသံဖြင့် ခပ်မာမာ မေးလိုက်မိသည်။

"ဘာမှမဟုတ်ပါဘူး၊ ရုံတို့အခန်းရှင်းပေးမလို့ပါ"

"မလိုပါဘူး. . . ရုံ ရှင်းပြီးသားပါ"

သရဖီ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"မြစိမ်းရုံကလည်း သူစိမ်းဆန်လိုက်တာ. . . မမက ရုံ့အမျိုးသားလေးကို မမြင်ဖူးလို့ ကြည့်ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သရဖီက ကို့ကို အသေအချာ ကြည့်နေသည်။

"ကြည့်ချင်ရင် ရုံ့ကိုပြောပါလား၊ ဘာဖြစ်လို့ ခွင့်မတောင်းဘဲ ဝင်ရတာလဲ၊ ဒေါ်ဒေါ်က သဘောကောင်းပေမယ့် သူ့သားနဲ့ ပတ်သက်လာရင် ရတာမဟုတ်ဘူး"

"အံ့မယ်လေး. . ကြက်တူရွေးကတော်တော် မယ်ဘော်က ကဲနေပါလား၊ ဒီလောက်တောင် ကြီးကျယ်နေရင်လည်း ခုပဲပြန်ထွက်ပါ့မယ်၊ လူခြောက်ဆိုတာကို မမြင်ဖူးလို့ ဝင်ကြည့်မိတာပါ"

သရဖီက သူ့စလင်းဘက်ကြီးကို ခပ်တင်းတင်း လွယ်လျက် အခန်းထဲမှ ခြေဆောင့်ထွက်သွားတော့သည်။

သရဖီ ထွက်သွားတော့မှ ကို့ကို ပြန်စစ်ဆေးကြည့်လိုက်သည်။ ဘာမှ ခြေရာလက်ရာပျက်တာ မတွေ့တော့မှ သက်ပြင်းချလိုက်မိသည်။

သိပ်မကြာခင်မှာပဲ သူတို့မိသားစု ပြန်ဖို့လုပ်ကြလေသည်။

သရဖီကတော့ ပြန်သည်အထိ ရုံ့ကို စကားတစ်ခွန်းမှ မပြောတော့၊ မျက်နှာထားလည်း တင်းလျက်ရှိသည်။

အဒေါ်အေးမြနှင့် သူ့ယောက်ျား ဦးလေးသာဒင်တို့တ ပါ ရုံ့ကို နှုတ်မဆက်ဘဲ ပြန်သွားကြသည်။

သူတို့ပြန်သွားမှ ရုံ စိတ်အေးသွားရသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အခုမှ ရုံတို့ စိတ်ပူကြရတာ ဖြစ်သည်။

ထိုညက မိုးစင်စင်သာ လင်းသွားသည်။

ကို. . . ပြန်မလာခဲ့။

တံခါးခေါက်သံလည်း မကြားရ. . ၊ ကို အိမ်ထဲရှိလျှင် သိသာစေသော သစ်သီးရနံ့လည်း မရခဲ့။

ထိုရနံ့မှာ ဘာနဲ့မှ မတူသောကြောင့် အိမ်မှာ ကိုရှိနေလျှင် သိလေသည်။

ကိုအိမ်ပြန်မလာကြောင်း ဘဘနှင့် ကိုမင်းထက်သာတို့ပါ သိသွားသောအခါ တစ်အိမ်လုံး စဉ်းစားမရအောင် ခေါင်းရှုပ်နေကြသည်။

"တစ်ခါမှ ခုလိုပြန်မလာတာမျိုး မရှိဖူးပါဘူး"

ဒေါ်ဒေါ်က မျက်စိမျက်နှာ အတော်ပျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံခမျာ ကို့ကို အင်္ကျီအဝတ်အစား လဲပေးရန် ပြင်တော့မှ အဖြစ်မှန်ကို သေချာစွာ သိခဲ့ရတော့သည်။

အင်္ကျီချွတ်လိုက်လျှင် ကို့အသားမှာ အေးစက်လျက်ရှိသည်။

ကို့အသားမှာ ဘယ်တော့မှ အေးမနေတတ်။

သက်ရှိလူတစ်ယောက်လို အမြဲနွေးနေတတ်သည်။

ရုံ့ခေါင်းထဲ ဒိန်းခနဲ ဖြစ်သွားသည်။

ကို့အသားကို အသေအချာ ကိုင်တွယ်ကြည့်တော့ အရင်ကနှင့် လုံးဝမတူတော့။

အရင်က မာကျောပေမယ့် ကျစ်လစ်ကာ လူ့အသားကို ကိုင်မိမှန်း သိသာစေသည်။

အခုတော့ သစ်သားကို ကိုင်မိသလို အေးစက်မာကျောနေသည်။

ရုံက ဒေါ်ဒေါ့ကို အပြေးအလွှား အော်ခေါ်လိုက်သည်။

"ဒေါ်ဒေါ် . . . ဒေါ်ဒေါ် . . လာပါဦး၊ ဒီကို အမြန်လာပါဦး"

ဒေါ်ဒေါ်ရောက်မလာခင်မှာပင် ရုံသည် မျက်ရည်ပိုးပိုးပေါက်ပေါက် ကျနေပြီး . . .

"ဘာဖြစ်တာလဲ . . . ဘာဖြစ်လဲ မြစိမ်းရုံရယ်၊ ပြောစမ်းပါဦး၊ ဒေါ်ဒေါ် ရင်ထိတ်လိုက်တာ"

"ဟိုမှာ . . . ဟိုမှာ ကိုင်ကြည့်ကြပါဦး၊ အဲ့ဒါ ကိုမြင့်ထက်မှမဟုတ်ဘဲ၊ သစ်သားချောင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး . . ."

ဒေါ်ဒေါ်မှာ အောင်မလေး တ,ရင်း ပျာယီးပျာယာဖြင့် ကိုင်ကြည့်လေသည်။

ဒေါ်ဒေါ်က မျက်လုံးပြူး မျက်ဆံပြူးဖြင့် ချက်ချင်း ပြန်လွှတ်ချလိုက်သည်။

"အောင်မလေး . သားလေးတော့ အကျိုးနည်းပါပြီ၊ လုပ်ကြပါဦး အစ်မစိမ်းမြရယ်၊ ဘယ်လိုလုပ်ကြမလဲဟင် မြစိမ်းရဲ့ ဒါ သားငယ်မှမဟုတ်ဘဲ သစ်သားချောင်းကြီးပဲ၊ သားလေးကို ဘယ်သူခိုးသွားတာလဲ ရှာပေးကြပါဦး၊ ဒါ အတုကြီးပဲ"

ဒေါ်ဒေါ်မှာ ငိုရင်းပြောရင်း ရှုံ့နှင့်အမေ့ကို တိုင်တည်ရင်း အရူးမီးဝိုင်းသလို ဖြစ်နေရှာသည်။

"သေချာရဲ့လား မမမီရယ်၊ သမီးပြောတိုင်း မယုံပါနဲ့ဦး သေချာကြည့်စမ်းပါဦး"

"သေချာပါတယ် အစ်မစိမ်းမြရယ်၊ ကျွန်မမွေးခဲ့တဲ့သားပဲ ကျွန်မသိတာပေါ့၊ သားက လူခြောက်ဆိုပေမယ့် သူ့အသားကိုကိုင်လိုက်ရင် သက်ရှိလူတစ်ယောက်ရဲ့အသားကို ထိရသလိုပဲ ခံစားရတာ၊ ခုဟာက သားပုံစံ အတုလုပ်ထားတဲ့ သစ်သားချောင်းကြီးပါ၊ တစ်ယောက်ယောက် လဲသွားတာ သေချာပါတယ်၊ မြစိမ်းရဲ့ ဒီအခန်းထဲ ဘယ်သူဝင်သွားလဲ စဉ်းစားစမ်း"

ရှုံ့ခေါင်းထဲ ဖျတ်ခနဲ သတိရလိုက်မိကာ . .

"ဟို . မနေ့က သရဖီ ဝင်တယ် ဒေါ်ဒေါ်၊ ရှုံ့အောင် မကြိုက်ဘူးလို့ ပြောလွှတ်လိုက်လို့ ရှုံ့ကို စိတ်ဆိုးသွားသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com


ပြန်တော့ နှုတ်တောင် မဆက်သွားကြဘူး၊ သေချာပါတယ်. . . ဒီအခန်းထဲမှာတွေ့တော့ သူ စလင်းဘက်ကြီး လွယ်ထားတယ်၊ စလင်းဘက်အိတ်ထဲ ထည့်သွားတာ ဖြစ်မှာပေါ့၊ သူပဲ လဲတာ ဖြစ်မှာပါ. . . သေချာပါတယ်"

အမေ့မှာ သူ့အမျိုးတွေမို့ မျက်နှာမကောင်း။

"ကျွန်မ တောင်းပန်ပါတယ် မမမီရယ်၊ သူတို့ မရှိးသားမှန်း ကျွန်မသိပါတယ်၊ အစကတည်းက ဒီမှာတည်းဖို့ လက်မခံမိရင်ကောင်းသား၊ ခုတော့. . ကျောချမှ ဓားပြမှန်း သိရတော့တယ်"

"အစ်မစိမ်းမြရယ်. . . ခုချိန်မှာ ဒါတွေ ပြောမနေပါနဲ့တော့၊ သူတို့နောက်လိုက်ဖို့ပဲ ပြင်ရအောင်"

"စဉ်းစားပါဦး ဒေါ်ဒေါ်ရယ်၊ သူတို့ တကယ်ခိုးသွားတာမှန်ရင် သူတို့ပေးသွားတဲ့လိပ်စာက အမှန်ဖြစ်နိုင်ပါ့မလား၊ ဒါမှမဟုတ်လည်း ရှဲတို့ မလိုက်နိုင်တဲ့ တခြားတစ်နေရာကို သူတို့ပြေးပြီပေါ့"

"ဟင်. . . ဒါဆို လမ်းစတော့ ပျောက်ပြီပေါ့၊ မဖြစ်ဘူး သားလေးတော့ အပါမခံနိုင်ဘူး၊ သားလေး ပါသွားရင် ဒေါ်ဒေါ်ရလိမ့်မယ်၊ သားကြီးနဲ့ သူ့အဖေကို စုံစမ်းခိုင်းရမယ်၊ ကိုယ့်ကိုယ့်ဟန်နဲ့လည်း ဆရာသမားတွေနဲ့ တိုင်ပင်ပြီး ရှာရလိမ့်မယ်"

ဒေါ်ဒေါ့်ခမျာ တစ်ယောက်ထဲ ကရားရေလွှတ်ပြောတာ သူ့ဘာသာ စိတ်ကူးနှင့် စီစဉ်နေရှာသည်။


www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ကိုဘယ်မှာများ ရှိနေမှာလဲ။
ကိုဘယ်လိုများ နေရှာမလဲကွယ်။
ဒုက္ခဆင်းရဲတွေများ တွေ့နေလေမလား။
ရုံ့ရင်ထဲ နုံးချိပင်ပန်းလွန်းလှပါသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)

# ဝိညာဉ်ကလေးရဲ့အိမ်ပြန်ချိန်

**ဟိတ်**ဟန်မာန်အပြည့်နှင့် လူတစ်ယောက်ကို တွေ့ရလေလျှင် သူ့ကို ဒုက္ခကောင်းကောင်းပေးမည့်သူမှန်း မိုးထက်သိလိုက်သည်။

သူ့ကို သရဖီဆိုသည့်အမျိုးသမီး ထဘီစဖြင့် ပတ်လာခဲ့သောကြောင့် သူ့အစွမ်းသတ္တိများ မှေးမှိန်ကျဆင်းနေပြီဖြစ်သည်။

ထိုဆရာဆိုသည့်လူ လုပ်သမျှ လည်စင်းငုံ့ခံနေရတော့မည့် အနေအထား ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီမှာပဲနေရမယ်၊ ဘယ်မှ သွားလို့မရတော့ဘူး၊ ဘယ်သူ့ကိုမှလဲ အိပ်မက်ပေးဆက်သွယ်လို့ မရတော့ဘူး၊ မင်းရဲ့ဝိညာဉ်ကို ငါချုပ်ထားလိုက်ပြီ"

ထိုဆရာက မွှေးအီနေသော အရည်တစ်မျိုးဖြင့် သူ့ခန္ဓာကိုယ်ကို ဖြန်းလိုက်လျှင် သူမွန်းကျပ်သွားရသည်။

မေမေ့ကို အိပ်မက်ဖြင့် ဆက်သွယ်ဖို့ ကြိုးစားသော်လည်း မရ။ ရုံ့ကိုလည်း ဆက်သွယ်လို့ မရတော့။ သူ ဘယ်မှာရှိနေတယ်ဆိုတာ သူကိုယ်တိုင်ပင် မသိတော့တဲ့အဖြစ်။

သူက လောင်မြိုက်နေသော စိတ်နှလုံးကို ပြန်ကြည်လင်လာအောင် အတော်စုစည်း ထိန်းချုပ်ယူရသည်။

တဖြည်းဖြည်းနှင့် သူ့စိတ်နှလုံးမှာ တည်ငြိမ်ကြည်လင်လာပြီး ကျဆင်းသွားသော သမာဓိအားများ ပြန်တက်လာခဲ့သည်။ သို့သော် မေမေတို့ ရုံတို့နှင့်တော့ သူ ဆက်သွယ်လို့မရသေး။ ပရလောကသားများနှင့်တော့ သူ ဆက်သွယ်လို့ရခဲ့ပြီ။

သူ ကူညီစောင့်ရှောက်ပေးခဲ့ဖူးသော၊ သူမွေးထားသော ပရလောကသား တစ်ယောက်မှာ သူရှိရာ ချက်ချင်းရောက်လာခဲ့သည်။

သူ ဒီနေရာကနေ အမြန်ဆုံး လွတ်မြောက်ဖို့ ကူညီပေးရန် ပြောလိုက်သည်။ သူလည်း သမာဓိအားများ ပြန်တက်လာအောင် ကြိုးစားရသည်မှာ ပင်ပန်းလွန်းလှပြီ ဖြစ်သည်။

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



သရဖီ၏အဖေဖြစ်သူဦးသာဒင်က. . .

"မင်း ငါတို့အိမ်ကို စီးပွားတက်အောင် လုပ်ပေး၊ အပြန်အလှန် ကျေးဇူးပြုရမယ်၊ ငါတို့ စီးပွားတက်ရင် မင်းလိုချင်တာ အကုန်ဖြည့်ဆည်းပေးမယ်၊ ငါတို့အတွက် မလုပ်ပေးရင် မင်းကို ဘာအစာမှ မကျွေးဘူး. . အငတ်ထားမယ်၊ ငါပြောတာမှတ်ထား"

ထိုလူရဲ့ နီမြန်းကာ အရက်ဆီပြန်နေသော မျက်နှာကြီးတိုကြည့်ပြီး သူ အော်ဂလီဆန်လာသည်။

အရက်နံ့မှာလည်း နံဟောင်နေသည်။

ဒီရောက်ကတည်းက သူ့ကို ပေါင်ဒါလည်း မလူးပေး၊ အဝတ်အစားလည်း မလဲပေးတာမို့ သူ့မှာ နဂိုကတည်းက နေရတာ ညည်းစီစီ ဖြစ်ရသည့်ကြားထဲ အရက်နံ့ကြီးကြောင့် စိတ်အ

www.burmeseclassic.com

www.burmeseclassic.com



တော်ညစ်နေမိသည်။

"ကဲ. . . ဒီကောင့်ကို အစာလာကျွေးလိုက်ကြဦးဟေ့"

သူ့ကိုပြောပုံမှာ တိရစ္ဆာန်တစ်ကောင်လို ပြောပုံမျိုးမို့ သူအတော်ခံပြင်းသွားမိသည်။

"စားနော် ဆရာမိုးထက်၊ ဆရာ့အကြိုက် ကျွန်တော် မျိုးမတို့ ငွေကုန်ကြေးကျခံပြီး လုပ်ပေးထားတာ"

ထိုအမျိုးသမီးကြီးပြောပုံမှာ သူ့ကို မြှောက်သလိုလို ခနဲ့သလိုလိုနှင့် ဖြစ်သည်။

သူ့အတွက် လာချပေးသော စားစရာများကို တစ်ချက် ကြည့်လိုက်မိလျှင် အေးစက်နေသော နွားနို့ပန်းကန်လုံးထဲမှာ ဖြုတ်သေတစ်ကောင်ကို တွေ့လိုက်ရသည်။

အသန့်အပြန့် ကြိုက်လှသော သူက အတော်ရွံသွားမိ သည်။

ပန်းသီးမှာလည်း အနာနှင့် ဖြစ်သည်။

ငှက်ပျောသီးမှာလည်း အမှည့်လွန်ကာ ပျော့မည်းနေ သည်။

အိမ်မှာ မေမေနှင့်ရုံ ပြင်ဆင်ပေးသော အစားအစာများ နှင့်တော့ တခြားစီပင်။

ဒီရောက်ကတည်းက သူ လုံးဝအစာမစားဖြစ်သေး

"မြန်မြန်စား ဟေ့ကောင်၊ စားပြီးရင် ငါနဲ့လိုက်ခဲ့ဦး ဒီ နေ့ ဂျင်ဝိုင်းသွားမယ်၊ များများနိုင်အောင် မင်းလုပ်ပေးနိုင်ရင် မင်းအတွက် လက်စွပ်တစ်ကွင်း လုပ်ပေးမယ်၊ ရှုံးရင်တော့လာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ မင်းလက်ကို လိမ်ချိုးပစ်မယ်"

ထို့နောက်. . သူ့ကို အနက်ရောင် သားရေအိတ်ကြီးထဲ ထည့်ကာ ခေါ်သွားလေသည်။

၅. ၅. ၅. ၅.

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဒင်က ဝိုင်းထဲရောက်လျှင် သားရေအိတ်ကို အ
သာပုတ်လိုက်ကာ. . .

"ငါ့ကောင်ရေ. . ပြောထားတဲ့အတိုင်းနော်၊ ရယ်ဒီနော်"

ပွဲစပြီဆိုကတည်းက မိုးထက်ကို တိုင်တည်လိုက်သည်

သို့သော် ဒီနေ့မှ ဘယ်လိုဖြစ်သည်မသိ၊ ပွဲစကတည်းက
ရှုံးလိုက်သည်မှာ သောက်သောက်လဲ။

ဦးသာဒင်က ငွေများလျှင် ငွေနှင့်လိုက် ဆိုသောစကား
အတိုင်း အောသည်။

အောသမျှ အားလုံးလည်း အလဲအကွဲ။

ဦးသာဒင်က နေနှင့်ဦးပေါ့ကွာဟု စိတ်ထဲမှ ကြိမ်း
အိမ်ပြန်ရောက်သည်နှင့် သားရေအိတ်ထဲမှ မိုးထက်ကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



တကြီး ဆွဲထုတ်လိုက်သည်။

ထိုစဉ် ဦးသာဒင်ကို တစ်ယောက်ယောက်က နောက်က ဆောင့်တွန်းလိုက်သလို ခံစားလိုက်ရပြီး လှေကားတစ်လျှောက် လိမ့်ကျသွားခဲ့သည်။

"အား"

"ဂွတ်"

ခေါင်းနှင့်မကျမိအောင် အတော်သတိထားလိုက်သော်လည်း ဦးသာဒင်တစ်ယောက် ဘယ်ဘက်လက်မှာ သွင်သွင်ကျိုးသွားပါလေတော့သည်။

ၜ ၜ ၜ ၜ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဆရာမိုးထက်ရေ၊ ဆရာ့ကို ကျွန်မ နေရာထိုင်ခင်း ကောင်းကောင်းမွန်မွန် ဖွယ်ဖွယ်ရာရာ ပြုစုကျွေးမွေးတယ်နော်၊ ဆရာကလည်း ကျွန်မကိုတစ်လှည့် ပြန်ကြည့်ဦးမှပေါ့၊ ကျွန်မလက်ထဲမှာ ငွေပြတ်နေပြီ ဆရာရဲ့၊ ကျွန်မကို နိမိတ်လေးဘာလေး ပြပါဦး၊ သိသိသာသာတော့ပြနော် ဆရာ၊ တော်ကြာ ကျွန်မက တလွဲတွေ ကောက်မိမှဖြင့်. . ."

အမျိုးသမီးကြီးမှာ တတွတ်တွတ် လာပြောနေသသည်။

သူက နားကြားပြင်းကပ်လာသည်။

ပြောတော့ဖြင့် ကောင်းကောင်းမွန်မွန် ဖွယ်ဖွယ်ရာရာ ပြင်ကျွေးတဲ့ ပန်းသီးက အနာနှင့် အပုပ်ချည်း။

မိုးထက် ပန်းသီးကို အမျိုးသမီးကြီးရှေ့ ပစ်ချပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူပြုသော အစီပွါယ်မှာ တစ်မျိုး၊ ဒေါ်အေးမြ ကောက်ယူလိုက်သည်မှာ တလွဲ။

“အံမယ်လေး ဆရာရယ်၊ ရှင်းပါ့. . . ရှင်းပါ့၊ အဲ့လိုရှင်းမှ အေးမြတို့က ကြိုက်တာ၊ ပန်းသီးဆိုတော့ ငါးခြောက်ပေါ့၊ ဒီနေ့တော့ အချိုကြီးကို ထိုးလိုက်ဦးမယ်၊ ပေါက်လို့ကတော့ ဆရာ့ကို သမီးနဲ့ကို ပေးစားလိုက်ဦးမှာ”

အမျိုးသမီးကြီးမှာ ပေါက်ပန်းဈေးပြောရင်း ပိုက်ဆံအိတ်ဆွဲကာ ပြေးလေတော့သည်။

သူကတော့ လောဘရဲ့သားကောင်တွေကို ကြည့်ပြီး တရားကျချင်နေမိသည်။ တစ်ယောက်ကတော့ လက်ကျိုး၍ ငြိမ်ချက်သားကောင်းနေသည်။ အမျိုးသမီးကြီးကတော့ မငြိမ်သက်သေး။

သူသည် ထိုနေ့က လိုချင်တာရှိလျှင် နှုတ်ချိုလွန်းသော မိန်းမကြီးရဲ့အိမ်ပြန်ချိန်ကို စောင့်ဆိုင်းနေခဲ့သည်။

သူမျှော်လင့်ထားသည့်အတိုင်း ညနေစောင်းလျှင် အမျိုးသမီးကြီးမှာ ရှူးရှူးရှားရှားဖြင့် အိမ်ပြန်ရောက်လာသည်။

“တောက်. . . လူခြောက်စုတ်၊ ကောင်းကျိုးမပေးတဲ့ လူခြောက်စုတ်၊ ဟုတ်တိပတ်တိနဲ့ ပန်းသီးလို့ ပြပြီးတော့၊ ဟင်း. . ကြည့်စမ်း၊ ခုထွက်သွားတော့ သုညခြောက်တဲ့ ဘာမှမဆိုင်ဘူး ငါ့မှာတော့ တစ်ပေါက်ထဲ အောလိုက်ရတာ၊ ဘုန်းပါပြီ. . ဘုန်းပါပြီ၊ သောက်သုံးမကျတဲ့ လူခြောက်စုတ်၊ နင့်ကို အိမ်မှာ မထားတော့ဘူး၊ လွှင့်ပစ်မယ်. . . လွှင့်ပစ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးမှာ သူ့ကို တကယ်ပဲ လှောင့်ပစ်ဖို့ လက်လှမ်းလေလျှင် လူခြောက်၏အနောက်ဘက်မှ ထွက်လာသောဘီလူးကြီးတစ်ကောင်ကြောင့် မိန်းမကြီးမှာ ကြောက်လန့်တကြား အိမ်အပြင် ထွက်ပြေးလေရာ အိမ်ရှေ့မြောင်းထဲသို့ ခြေချော်ကျသွားလေတော့သည်။

မိန်းမကြီးမှာ ကိုးရိုးကားရားဖြင့် မြောင်းထဲ ကျသွားခဲ့ပြီးလျှင် ငုတ်တစ်ခုဖြင့် ပါးစပ်ခြစ်မိကာ နှုတ်ခမ်းတစ်ဝိုက် စုတ်ပြတ်သတ်လို့သွားသည်။

သူက စိတ်မသက်မသာဖြင့် သက်ပြင်းချကာ မျက်နှာလွှဲလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ ဆေးရောင်စုံခြယ်ထားသောသရဖီ၏ မျက်နှာထားတင်းတင်းကို မြင်ရလျှင် သူအတော်စိတ်ညစ်သွားရသည်။

လာပြန်ပြီ တစ်ယောက်. . ၊ အမှတ်မရှိသေးဘူးဟု ထင်လိုက်မိသည်။

သရဖီက သူ့ရှေ့ရပ်ကာ. . .

"မိုးထက်"

ဟု သူ့ကို လေသံမာမာနှင့် ခေါ်၏။

"ကျွန်မ ထမင်းဆိုင်ဖွင့်ထားတာ အရင်က အရမ်းရောင်းကောင်းတယ်၊ အခု တခြားဆိုင်တွေ အပြိုင်အဆိုင် ပေါ်လာတော့ ရောင်းမကောင်းတော့ဘူး"

ဘယ်ရောင်းကောင်းပါ့မလဲ. . စေတနာမှ မပါတာ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းရင်လည်း လက်က တိုသေး၊ ဆက်ဆံရေးကလည်း ကျဲသေး . . ။

"အဲ့ဒါ . . ရောင်းကောင်းအောင် ဆိုင်လူကျအောင် လုပ်ပေးစမ်းပါ"

အမျိုးသမီးကတော့ အပေးအယူစကားမပြော . . ။

သို့သော် သူ့ကိုပြောသောလေသံက အတော် အထက်စီးဆန်ပါသည်။ သူ့ကို ခုလိုပုံစံမျိုးနှင့် အသုံးချလို့ မရကြောင်း သိကြပုံမပေါ်။

သူက ကျေးဇူးခံ ကျေးဇူးစား ရှိဖူးသူများ၊ သံသရာတစ်ကွေ့မှာ ရေစက်ဆုံခဲ့သူများ၊ ဆွေမျိုးတော်စပ်ခဲ့သူများ၊ နောက်ဆုံး သာသနာအကျိုးအတွက် လှူဒါန်းဒါနပြုဖို့ ရည်စူးကြသူများကိုသာ အကျိုးစီးပွားဖြစ်အောင် လုပ်ပေးနိုင်ကြောင်း မသိပေ။

သရဖီ ဆိုင်ကိုထွက်သွားလျှင် သူ့မွေးထားသောဘီလူးမှာ နောက်မှကပ်လိုက်သွားသည်။

ဒီအမျိုးသမီး ပြန်လာလျှင်လည်း ပြဿနာအကြီးအကျယ်တော့ ဖြစ်ချေဦးမည်ဟု သူက ကြိုတင်ခန့်မှန်းမိပြီးသားပင်။

ထင်သည့်အတိုင်းပင် သရဖီ ဆိုင်သိမ်းပြီး ပြန်လာပုံမှာ ဒေါ်နှင့်မောနှင့်ဖြစ်သည်။

"တစ်စက်မှ အကျိုးမပေးတဲ့ လူခြောက်စုတ်၊ ဒီနေ့ဆိုင်မှာ လုံးဝရောင်းမကောင်းဘူး၊ ဖြစ်လိုက်တဲ့ ပြဿနာကလည်း စုံနေတာပဲ၊ ဟင်းအိုးတွေလည်း မှောက်ကျတယ်၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်တဲ့ ကောင်မလေးကလည်း လစာနည်းလို့ ဆက်မလုပ်နိုင်တော့ဘူးတဲ့ . . ထွက်သွားပြီ၊ ပန်းကန်တွေလည်း ကွဲသေးတယ်၊ ဒါ မင်းတမင်လုပ်တာ၊ မနက်က ဆိုင်ကို ရောင်းကောင်းအောင် လုပ်ပေးပါ ပြောကာမှ တမင်ကိုလုပ်တာ၊ တွေ့ကြသေးတာပေါ့ လူခြောက်စုတ်၊ မင်းကိုမီးရှို့ပစ်မယ်"

အမျိုးသမီးက မီးခြစ်ယူလာကာ သူ့အနား ဝုန်းခနဲ ရောက်လာသည်။

စိတ်နှလုံးကို တည်ငြိမ်အေးချမ်းအောင်သာ အာရုံစုစည်းထားလိုက်သည်။

ထိုအခိုက် . . . သူမကိုင်ထားသော ဂက်စ်မီးခြစ်မှာ သူ့အလိုလို ထပေါက်ကွဲကာ သရဖီလက်ကို မီးစွဲပါလေတော့သည်။

"အောင်မလေး . . . မီး . . . မီး . . . လုပ်ကြပါဦး၊ လက်ကိုမီးလောင်နေပြီ . . ."

သရဖီမှာ သွေးရူးသွေးတန်းနှင့် အိမ်ထဲ ပတ်ပြေးနေသည်။ ပြေးကာမှ လေပင့်သလိုဖြစ်ကာ မီးတောက်မှာ ပိုပြင်းလာတော့သည်။

သူမ ကိုင်မိကိုင်ရာ ပစ္စည်းတို့ကိုလည်း မီးစွဲလေတော့သည်။ နောက်ဆုံး အိမ်နီးချင်းများက လာပြီး ဝိုင်းငြိမ်းပေးတော့မှ မီးငြိမ်းလေတော့သည်။

သားအမိသားအဖ သုံးယောက်လုံး မျက်နှာတောင်းကြ၊ သူနှင့် ပတ်သက်ပြီး အနည်းငယ် သဘောပေါက်သွားကြပုံ

www.burmeseclassic.com

www.burmeseclassic.com


တော့ ရသည်။

ညသန်းခေါင်လောက်အချိန်တွင် တစ်အိမ်သားလုံး ငြိမ်သက် တိတ်ဆိတ်နေစဉ် အိမ်ထဲသို့ မီးခိုးများ အလုံးအရင်းနှင့် ဝင်ရောက်လာသည်။

သားအဖသုံးယောက်သား ကြောင်အမ်းမှင်သက်နေမိကြသည်။

မီးခိုးငွေ့များကြားတွင် မျက်နှာပုံပန်းကို အသေအချာ မမြင်ရသော်လည်း အစွယ်ဖြူကြီးနှစ်ချောင်း ကော့နေတာကို တော့ မြင်နေရသည်။

မျက်လုံးမှ နီရဲသောအရောင်ကြောင့် အစွယ်ဖြူကြီးများ မှာ အရောင်တောက်နေသည်။ တဖြည်းဖြည်း ရုပ်လုံးပေါ်လာလျှင် ဘီလူးကြီးတစ်ကောင်ကို ကြောက်မက်ဖွယ်ရာ တွေ့လိုက်ရတော့သည်။

သားအဖသုံးယောက်သား ကြောက်လွန်းသောကြောင့် အော်ပင်မအော်နိုင်။ တစ်ယောက်နှင့်တစ်ယောက် နီးကပ်အောင် တိုးဝှေ့နေကြရင်း မျက်လုံးပြူးမျက်ဆံပြူး ဖြစ်နေကြသည်။

"ခင်ဗျားတို့ကို ကျွန်တော် ပြောစရာရှိတယ်"

တိတ်ဆိတ်နေသောအချိန်မှာ လူခြောက်ကလေးရဲ့အသံမှာ ပီသထည်ဝါ၍နေသည်။

"ဒီလောက်ဆို ခင်ဗျားတို့ ကျွန်တော့်ကို အသုံးချလို့ မရဘူးဆိုတာ သဘောပေါက်ဖို့ကောင်းပြီ၊ ခင်ဗျားတို့လို ငွေယ်ကျိုးပဲ ကြည့်တဲ့လူတွေကို ကျွန်တော် ကူညီပေးလို့မရဘူး၊


www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့လုပ်ထားခဲ့တာကြောင့် ကျွန်တော့်မှာ အစွမ်းသတ္တိတွေလည်း မရှိတော့ဘူး၊ ကျွန်တော့်ကို ဒီခေါ်လာတာတည်းက ထဘီနဲ့ပတ်ပြီး ခေါ်လာတယ်၊ ကျွန်တော့်မှာ ဘယ်လိုလုပ် အစွမ်းရှိတော့မှာလဲ၊ ပြီးတော့ အောက်လမ်းဆရာနဲ့လည်း အစီအရင် လုပ်သေးတယ်"

သူတို့သုံးယောက်လုံး လူခြောက်ကလေးရဲ့ လက်သည်းခွံလောက် ပါးစပ်ပေါက်ကလေးဆီမှ စကားသံတွေ ထွက်လာတာကိုလည်း အံ့သြထူးဆန်းနေမိကြသည်။

"ခင်ဗျားတို့ ကျွန်တော့်ကို ဆက်ပြီးဒုက္ခမပေးကြပါနဲ့တော့၊ ခုနက ခင်ဗျားတို့ တွေ့လိုက်ရတာ ကျွန်တော့်နားမှာ အမြဲရှိနေတဲ့ ကျွန်တော့်ရဲ့တပည့်ပဲ၊ ကျွန်တော့်မှာ ပရလောကတပည့်တပန်းတွေလည်း အများကြီးရှိသေးတယ်၊ ကျွန်တော့်ကို ဆက်ပြီးဒုက္ခပေးနေရင် ခင်ဗျားတို့ပဲ ဒုက္ခအကြီးအကျယ် ရောက်သွားလိမ့်မယ်"

"မပေး. . . မပေးတော့ပါဘူး၊ ဆရာ ဘာဖြစ်ချင်သလဲဆိုတာကိုသာ ပြောပါ၊ ဆရာ့ဆန္ဒအတိုင်း ဖြစ်စေရပါမယ်"

"ကျွန်တော့်ကို မြစိမ်းရုံဆီ ပြန်ပို့ပေးပါ"

သူ တစ်ခွန်းချင်း အေးဆေးတည်ကြည်စွာ ပြောလိုက်သည်။ သူ အရမ်းကို ပင်ပန်းနွမ်းနယ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





# ဇာတ်သိမ်း

# နှုတ်ဆက်ဝိညာဉ်

ရှိသည် 'ကို' ပျောက်သွားကတည်းက အိပ်မပျော်ခဲ့သည်မှာ ကြာပြီ။ ဒီနေ့မနက်တော့ အစောကြီး အိပ်ရာမှထတာ ခြံထဲဆင်းလာခဲ့မိသည်။ မြူတွေက ပိန်းပိတ်နေအောင်ဖုံးနေသည်။ နှင်းတွေကြားထဲ ချစ်ဇောမီးကြောင့် ရှိ မနေ့ညအား ရှိ နေ့တိုင်း အိမ်မှာသာ ငိုနေမိလျက် ဘုရားရှေ့

www.burmeseclassic.com

www.burmeseclassic.com



ဆုတစ်ခုသာ အမြဲတောင်းမိသည်။

ကိုနဲ့ရုံရဲ့သစ္စာတရား မှန်ကန်ပါက ပြန်ဆုံရပါစေ. . ဟူ၏

ရုံ ဆုတောင်းပြည့်မည်လား။

"ရုံလေး"

နှင်းတွေကျနေသော ခြံရှေ့မှ ခေါ်သံကြားလိုက်ရလျှင် ရုံ အံ့သြသွားရသည်။

ကို့ အသံပါလား. . .။

ကို ရုံ့ဆီ ပြန်လာပြီ. . .။

ရုံသည် ခလုတ်တိုက်လဲမတတ် ခြံတံခါး ပြေးဖွင့်လိုက်သည်။

ပတ်ဝန်းကျင်မှာ ဝေ့ဝဲရှာဖွေကြည့်မိတော့ ဘယ်သူတစ်ဦးတစ်ယောက်မှ ရှိမနေ။

"ကို. . . ကို ဘယ်မှာလဲဟင်၊ ရုံ မတွေ့ရဘူး"

ရုံ ခပ်ကျယ်ကျယ်လေး အော်မေးလိုက်သည်။

"ကိုယ် ဒီမှာပါ ရုံ"

ပန်းရုံအောက်မှအသံ။

ရုံသည် ခြံရှေ့ အုတ်ထိုင်ခုံဘေးက ပန်းရုံလေးအောက် အသေအချာ ကြည့်လိုက်လျှင် 'ကို့' ကို တွေ့လိုက်ရသည်။

'ကို့' အဝတ်အစားများမှာ ပျောက်သွားခဲ့သည့်နေ့က ဝတ်စားထားသည့်အတိုင်းပင် ဖြစ်သည်။ ပေါင်ဒါနံ့လည်းသင်း ပျံ့မနေ။ 'ကို့' ခန္ဓာကိုယ်ပေါ်မှာ နှင်းစက်များ တွဲခိုနေသည်။

"ကို. . . ကိုရယ်၊ ရုံလေ. . . ကိုနဲ့ ပြန်မတွေ့ရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်နေတာ၊ ရှုံတို့ သစ္စာမှန်လို့ ပြန်ဆုံရတာပဲနော်၊ ကို. . . ကို နဲ့ရှုံ ဘယ်တော့မှ မခွဲတော့ဘူးနော်၊ ရှုံ ဝမ်းသာလိုက်တာ ကို ရယ်. .

ကို့ရဲ့ လူခြောက်ခန္ဓာကိုယ်ကိုလည်း ရှုံ ဘယ်တော့မှ မကြောက်တော့ပါဘူး ကိုရယ်၊ ရှုံ တစ်သက်လုံး မြတ်မြတ်နိုးနိုး နဲ့ ယုယကြင်နာပါ့မယ်. . .

ကို ဘယ်ရောက်သွားတာလဲဟင်၊ ကို့ကို ဟိုလူယုတ်မာ တွေ ခိုးသွားကြတာ မဟုတ်လား၊ ကို ဘာလို့ အိပ်မက်မပေး တာလဲဟင်၊ ရှုံတို့ ကို့ကိုရှာလိုက်ရတာ နည်းမျိုးစုံနဲ့ပဲ၊ ဒေါ်ဒေါ် ခမျာလည်း နေ့တိုင်းငိုနေရှာတာ"

"ကိုယ် ဘယ်လိုမှ ဆက်သွယ်လို့ မရလို့ပေါ့ ရှုံရယ်၊ သူတို့က အောက်လမ်းနည်းတွေနဲ့ ကိုယ့်ကို စီရင်ထားကြတာ၊ ကိုယ့်အစွမ်းတွေ နိမ့်ကျကုန်ပြီ၊ ဒါကြောင့် ရှုံတို့ကို ဆက်သွယ်လို့ မရတာ"

ကို့အသံမှာ ဖျော့တော့၍နေပါသည်။

ကို့နှုတ်ခမ်းကို နား,နားကပ်၍ နားစိုက်ထောင်ရသည်။

"သားငယ်လေး. . . သားငယ်လေး ပြန်ရောက်လာပြီ လား၊ အောင်မလေး. . . ကိုယ်စောင့်နတ်က နှိုးဆော်တာ. . ကြည့်စမ်း၊ သားငယ် ပြန်ရောက်လာပြီဆိုတာ မေမေသိတယ်"

ရှုံသည် အိမ်ထဲမှဒေါ်ဒေါ် ပြေးထွက်လာလေလျှင် ကို့ကို ဒေါ်ဒေါ့်လက်ထဲ ထည့်ပေးလိုက်ပါသည်။

ဒေါ်ဒေါ်က မျက်ရည်များဖြင့် ကို့ကို အဆက်မပြတ်



www.burmeseclassic.com

www.burmeseclassic.com



နမ်းရှိုက်နေတော့သည်။

"မသေကောင်း မပျောက်ကောင်း သားငယ်ရယ်၊ ငါ့သားငယ်ကိုသာ ဒီတစ်သက် ပြန်မတွေ့ရတော့ရင် အမေ သေမှာ၊ အမေ ရင်ကျိုးရလိမ့်မယ်၊ ကံကောင်းထောက်မလို့ သားငယ်ရယ်၊

ငါ့သားလေး ဒုက္ခတွေများ တွေ့လာရသေးလား၊ သား လေးကို သူတို့ခိုင်းစားကြသေးလား၊ အစာမှ မှန်မှန်စားရရဲ့လား သားရယ်၊ အမေ့ကို ပြောပြစမ်းပါဦး"

"အဲ့ဒါတွေ မပြောပါရစေနဲ့တော့ မေမေ၊ သား နောက် ဆုံးအချိန်မှာ မေမေတို့ကို တွေ့ချင်လို့ အရောက်ပြန်လာတာပါ၊ ဖေဖေနဲ့ ကိုကို့ကိုလည်း တွေ့ချင်တယ်"

သူပြောလို့မှ မဆုံးခင် ဘဘနှင့် ကိုမင်းထက်သာမှာ အိမ်ထဲမှ ပြေးထွက်လာကြသည်။

"သားငယ်. . . ဘာတွေပြောနေတာလဲ သားငယ်ရယ်၊ မေမေ နားမလည်တော့ဘူး၊ ဘယ်လိုနောက်ဆုံးအချိန်လဲ၊ မေမေ့ကို ပြောစမ်းပါဦး၊ မေမေ ရင်ထိတ်လိုက်တာ"

ရုံတို့အားလုံး သူ့နား ဝိုင်းနေကြသည်။

အားလုံးရဲ့မျက်နှာမှာ စိုးရိမ်ထိတ်လန့်ခြင်းများ ဖုံးဖိ၍ မရနိုင်။

"သား အရင်လို အစွမ်းတွေမရှိတော့ဘူး မေမေ၊ သား ကို သူတို့ ဘုန်းနိမ့်အောင် စီရင်ထားကြတယ်၊ ဒုက္ခပေါ့လဲ ပေးကြတယ်၊ သားလည်း သူတို့ကို တုံ့ပြန်မိတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သားမှာ အကုသိုလ်တွေ သိပ်ပွားခဲ့ရတယ်၊ အဲ့ဒီအကုသိုလ်တွေကြောင့် သား သက်တမ်းမစေ့ခင် ပြန်ရတော့မယ်"

"သား ပြန်ရတော့မယ် ဟုတ်လား၊ ဟင့်အင်း . . . မပြန်ရဘူး . . မေမေ မခွဲနိုင်ဘူး၊ သားကို မေမေ မခွဲနိုင်သေးဘူး သားရဲ့၊ မေမေ သေတော့မှပဲ ခွဲပါရစေ သားရယ်"

"ဟင့်အင်း . . . ဒီလိုမပြောပါနဲ့ မေမေ၊ သား နောက်ဆံမတင်းပါရစေနဲ့၊ သား လွတ်လွတ်လပ်လပ် ပြန်ပါရစေ၊ တရားနဲ့ဖြေပါ မေမေ၊ သံသရာတစ်ကွေ့မှာ ရေစက်ဆုံလို့ တွေ့ကြရတာပဲ၊ အခု ခွဲပြီးရင် သားတို့ ပြန်ဆုံရဦးမှာပေါ့၊ ခုလိုအဖြစ်မျိုးနဲ့ မဟုတ်ဘဲ ဘဝချင်းတူတဲ့အဖြစ်မျိုးနဲ့ ပြန်ဆုံရအောင် မေမေ ဆုတောင်းပါနော်"

"သားလေးရယ် . . . မေမေ ဘယ်လိုဖြေရမှာလဲ"

ဒေါ်ဒေါ်က ယူကျုံးမရစွာ ရှိုက်ငင်နေသည်။

"သားကိုချစ်ရင် သားအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ လုပ်ပေးပါ မေမေ၊ သားအိပ်ရာအောက်က အံဝှက်ထဲမှာ ပစ္စည်းတွေရှိတယ်၊ လေးပုံပုံပြီး တစ်ပုံကို အလှူအတန်း လုပ်ပေးပါ၊ ကျန်တဲ့သုံးပုံကို ဖေဖေရယ်၊ မေမေရယ်၊ ရုံရယ် ခွဲယူလိုက်ကြပါ"

"အောင်မလေး သားရယ်၊ မေမေတို့မှာ ဒါတွေ မလိုပါဘူး၊ အခု မေမေတို့ ချမ်းသာကြွယ်ဝသမျှတလည်း ငါ့သားလေး ပေးခဲ့တာချည်းပါပဲ၊ မေမေ မမက်ပါဘူး သားရယ်"

"ရုံလည်း မမက်ပါဘူး ကို၊ ကိုကို ညီမှာပစ္စည်းမက်လို့

www.burmeseclassic.com



ရှုံပေါင်းခဲ့တာ မဟုတ်ပါဘူး၊ ရှုံ ချစ်လို့ပေါင်းခဲ့တာပါ"

ရှုံတို့ကို စကားတွေပြောနေရင်း ကို့မျက်လုံးလေးများမှာ လေးကန်စွာပွင့်လာပြီး ရှုံ၊ ဒေါ်ဒေါ်၊ ဘဘနှင့် ကိုမင်းထက်သာတို့ကို တစ်ယောက်ချင်းစီ ကြာမြင့်စွာ စိုက်ကြည့်နေသည်။

ကို့နှုတ်ခမ်းများ လွန့်ခနဲ တစ်ချက်ပြုံးလိုက်ပြီး. . .

"သားကို အောက်ကို ခဏချပေးပါဦး မေမေ"

ဒေါ်ဒေါ်က မချိတင်ကဲဖြင့် သူပြောသည့်အတိုင်း အံကိုတင်းတင်းကြိတ်ကာ အောက်ကို ချပေးလိုက်ပါသည်။

"အားလုံး မျက်ရည်တွေ သိမ်းလိုက်ကြပါလားဟင်၊ ကျွန်တော့်ကို မျက်ရည်တွေနဲ့ နှုတ်မဆက်ကြပါနဲ့၊ အပြုံးတွေနဲ့ နှုတ်ဆက်ပေးကြပါ"

အားလုံးရင်ထဲ မချိတင်ကဲ ယူကျုံးမရ ဖြစ်ရတာကို ဇွတ်အတင်းထိန်းချုပ်လျက် သူ့ဆန္ဒပြည့်အောင် မချိပြုံးကို ပြုံးကြရလေသည်။

အားလုံးရဲ့နှလုံးသားတွေ တစ်စစီ ဖြစ်မတတ် ကြေကွဲနေကြရပါသည်။

ထို့နောက် သူ့မျက်လုံးများ ဖြည်းညင်းညင်သာစွာ မှိတ်ကျသွားသည်။

ကြည့်နေရင်းမှပင် သူ့ ရင်ဘတ်ထဲမှ အငွေ့တလူလူထွက်လာသည်။

မြူမှုန်များ ပိန်းပိတ်အောင် ကျနေသော နှင်းငွေ့ကြားထဲ သူ့ခန္ဓာကိုယ်မှ မီးတောက်များဖြင့် သူ့ကိုယ်သူ လောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းလျက်ရှိသည်။

"ကိုယ့်ကိုယ်ကို သဂြိုဟ်သွားတဲ့ကလေး၊ ကိုယ့်အသုဘ ကိုယ်ချသွားတဲ့ကလေး၊ လာတော့လည်း ဒုက္ခမပေးခဲ့ဘူး၊ ပြန်တော့လည်း ဒုက္ခပေးမသွားဘူး"

ဘဘက ငိုသံပါဖြင့် ပြောနေသည်။

"သားငယ်လေးရေ. . . အမျှ. . . အမျှ. . . အမျှ"

ဒေါ်ဒေါ်ရဲ့နောက်ဆုံးအမျှဝေသံမှာ တိမ်ဝင်သွားသည်။

ရုံတို့ မျက်စိရှေ့မှာပင် သူ့ရဲ့မည်းခြောက်ကြုံလှီကာ အရုပ်ဆိုးလှသော အသည်းယားဖွယ် ကျောချမ်းဖွယ် ကောင်းလှသော လူခြောက်ခန္ဓာကိုယ်မှာ ပြာမှုန်များ ဖြစ်သွားလေပြီ။

ဆောင်းလေတစ်ချက်အဝှေ့တွင် ပြာမှုန်ဖြူဖြူများမှာ အမြင့်သို့ ပျံတက်သွားကြသည်။ ထိုပြာမှုန်များ စုဝေးရာတွင် ရုပ်သဏ္ဍာန်တစ်ခု ပေါ်လာပါသည်။

ကြည်လင်သော ရှင်းသန့်သော ငြိမ်းချမ်းလှသော လူငယ်လေးတစ်ယောက်။ ထိုလူငယ်လေးမှာ ကြေကွဲသော နှလုံးသားဖြင့် မချိတင်ကဲ ပြုံးထားရသော လူတစ်စုကို ငြိမ်းချမ်းစွာ နှုတ်ဆက်ခဲ့လျက် တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားလေတော့သည်။ ။



www.burmeseclassic.com